မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အနေဖြင့် KIO အဖွဲ့၏ ငြိမ်းချမ်းရေးဆိုင်ရာတင်ပြချက်များကို အစွမ်းကုန်လိုက်လျောပြီးဖြစ်

KIO အနေဖြင့် စစ်မှန်သောငြိမ်းချမ်းရေးကို လိုလားမှု ရှိ/မရှိ မိမိကိုယ်မိမိ ဆန်းစစ်ရန်လို

KIO/KIA အဖွဲ့အနေနဲ့ ရိုးသားပြီး မသိနားမလည်တဲ့ ဒေသခံပြည်သူများကို အတင်းအကျပ် ခြိမ်းခြောက်ခေါ်ဆောင် စစ်ပြေးဒုက္ခသည်အဖြစ်ဖန်တီးကာ နိုင်ငံတကာကို မီဒီယာနည်းဖြင့် လုပ်ကြံဝါဒဖြန့်လျက် ငွေကြေး၊ ရိက္ခာတောင်းခံဖို့ကြိုးစားခဲ့ နိုင်ငံတော်အစိုးရက ကချင်ပြည်နယ်မှာ ငြိမ်းချမ်းမှုပြန်လည်ရရှိအောင် စိတ်ရှည်သည်းခံကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေ

နေပြည်တော် ဩဂုတ် ၁၂

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အခြေခံဥပဒေနှင့်အညီ ပြောင်းလဲရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း သတင်းစာရှင်းလင်းပွဲ(၁/၂၀၁၁)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အခြေခံဥပဒေနှင့်အညီ ပြောင်းလဲရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ကြွရောက်လာကြတဲ့ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်း ပြည်ပ သတင်းစာဆရာကြီးများ၊ ပြည်တွင်း စာနယ်ဇင်းများမှ စာတည်းမှူးချုပ်များ၊ တာဝန်ခံများခင်ဗျား

အားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သရင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ယနေ့ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲဟာ ကျွန်တော်တို့ အစိုးရအဖွဲ့သစ် စတင်တာဝန်ယူချိန်ကစပြီး ပထမဆုံးပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲဖြစ်ပါတယ်။ ကချင်ပြည်နယ်မှာ လတ်တလော ဖြစ်ပွားပေါ်ပေါက်နေတဲ့ မြန်မာ့တပ်မတော်နဲ့ ကချင် KIO/KIA တို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုတွေနဲ့ စပ်လျဉ်းပြီး အခြေအနေမှန်၊ ဖြစ်စဉ်အမှန်များကို ရှင်းလင်းတင်ပြရင်း ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အခြေခံဥပဒေနှင့်အညီ ပြောင်းလဲရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရရဲ့ ကြိုးပမ်းဆောင်ရွက်မှုများအပါအဝင် နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။

တပ်မတော်အစိုးရ၏ တိုင်းပြည် တည်ငြိမ်အေးချမ်းရေး (ငြိမ်းချမ်းရေး) ကြိုးပမ်းဆောင်ရွက်မှုများ

၁၉၈၈ ခုနှစ်မှာ တိုင်းပြည်တာဝန်ကို ရယူခဲ့ရပြီးတဲ့နောက်ပိုင်း တပ်မတော်အစိုးရအနေနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်ဖို့ဆိုရင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး (ငြိမ်းချမ်းရေး)၊ တစ်နည်းအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတာကို ကောင်းစွာနားလည်သဘောပေါက်ခဲ့ပါတယ်။ အဲဒီလိုနားလည်သဘောပေါက်တာနဲ့အညီ *စာမျက်နှာ ၃ ကော်လံ ၁* ◆

ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘဲ ဆက်လက်ပြီး လက်နက်စွဲကိုင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရရှိထားပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးကိုပယ်ဖျက်ပြီး လက်နက်ကိုင်တိုက်ပွဲများ၊ ပုံးခွဲတိုက်ခိုက်မှုများကို ကျူးလွန်နေတဲ့ တိုင်းရင်းသားအဖွဲ့များကိုလည်း နိုင်ငံတော်အပိုင်းက ငြိမ်းချမ်းရေးတံခါး ဖွင့်ထားဆဲဖြစ်ကြောင်းပြောကြားပြီး အစိုးရအဖွဲ့သစ်ရဲ့ သဘောထားကြီးမှုနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအပေါ် အလေးအနက်ထားလိုလားမှုကို ထုတ်ဖော်ပြသခဲ့။ ဒီလို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုတဲ့သဘောထားနဲ့ လက်တွေ့လုပ်ဆောင်မှုများဟာ တကယ်တမ်းပြောရရင် နိုင်ငံရေးမျက်နှာစာမှာ သိသာထင်ရှားတဲ့ တိုးတက်မှုများပဲဖြစ်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၁၃ ရက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားလိုက်နာ

ယနေ့မြန်မာနိုင်ငံတစ်ဝန်းတွင် လမ်းမကြီးများကို အရှေ့နှင့်အနောက်ဆက်သွယ်သည့် လမ်းမကြီးများ၊ တောင်နှင့်မြောက်ဆက်သွယ်သည့် လမ်းမကြီးများစသည်ဖြင့် ကွန်ရက်သဖွယ်လက်ယှက်ထိုး ဖောက်လုပ်ပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍသည် အရေးပါလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်သည်နှင့်အမျှ ဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝသည်လည်း တိုးတက်လာမည်ဖြစ်သည်။ ပြည်ထောင်စုလမ်းမကြီးများ၊ ခရိုင်ချင်းဆက်လမ်းများ၊ မြို့ချင်းဆက်လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ထားသဖြင့် ယနေ့အချိန်အခါ၌ ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးများ တိုးတက်ကောင်းမွန်သည်နှင့်အညီ ခရီးသွားပြည်သူ၊ ယာဉ်မောင်းသူများ၏ စည်းကမ်းလိုက်နာမှုသည်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အရေးပါလာခဲ့သည်။ ယနေ့ တစ်ကမ္ဘာလုံးတွင် ယာဉ်တိုက်မှုကြောင့် နှစ်စဉ် လူ ၁ ဒသမ ၃ သန်းခန့် သေဆုံးနေရပြီး သန်း ၅၀ ခန့်မှာ ထာဝရ မသန်စွမ်းမှုနှင့် ကြုံတွေ့နေကြရသည်။ ယာဉ်တိုက်မှုများဖြစ်ပေါ်ရခြင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းကြောင့်ပင်ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး တိုးတက်လာသည့်အလျောက် ယာဉ်သုံးစွဲမှုများသည်လည်း တိုးတက်များပြားလျက်ရှိရာ ယာဉ်သုံးစွဲမှုများပြားလာသည်နှင့်အညီ ယာဉ်မောင်းသူများ၊ ခရီးသွားပြည်သူများသည်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အလေးထား လိုက်နာကြရမည်ဖြစ်သည်။

ယာဉ်မောင်းသူများသည် မဆင်မခြင်မောင်းနှင်ခြင်း၊ အရက်သေစာ သောက်စားပြီး မောင်းနှင်ခြင်း၊ ကားကိုအပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောမှားယွင်း၍ မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်မှုများဖြစ်ပေါ်ခဲ့ရသည်။ လမ်းဖြတ်ကူးသူများကလည်း လမ်းစည်းကမ်းကိုလိုက်နာခြင်းမပြုဘဲ လမ်းဖြတ်ကူးမှုများကြောင့် ယာဉ်အန္တရာယ်များဖြစ်ပေါ်ကြရသည်။ ယာဉ်မောင်းသူများသည် မိမိ၏ယာဉ် စက်ချွတ်ယွင်းမှုမရှိရန် ကားစံချိန်စံညွှန်း ကောင်းမကောင်းကို စစ်ဆေးကြရမည်ဖြစ်သည်။

ယခုအခါ ယာဉ်အန္တရာယ်ကင်းဝေးရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိကျစွာ လိုက်နာရေးအတွက် ပညာပေးဟောပြောပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပပြုလုပ်ပြီး ပညာပေးလျက်ရှိရာ ပြည်သူများအနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အလေးထားလိုက်နာကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ဆက်သွယ်ရေးအရာရှိ မစ္စတာစတိဗ်မာရှယ်သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့် အိုင်အယ်လ်အိုတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို) ဆက်သွယ်ရေးအရာရှိ မစ္စတာစတိဗ်မာရှယ် လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၂

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Sebastianus Sumarsonoသည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** နှစ်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ နေပြည်တော်၌ စတင်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အဆင့်နိမ့် ကျောက်စိမ်းအသားကျောက်ရောင်းချပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ပြည်တွင်းရတနာကုမ္ပဏီ ၉၂ခုမှ ပြည်တွင်းရတနာကုန်သည် ၂၀၄ ဦးတို့သည် နံနက် ၁၀ နာရီခွဲမှ ညနေ ၅ နာရီအထိ ခန်းမအနီး ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

အဆိုပါ အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲ၌ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကျောက်စိမ်းအရိုင်းအသားကျောက် C(စီ)အဆင့်၊ D(ဒီ)အဆင့်နှင့် အဆင့်အလွန်နိမ့်သော ကျောက်စိမ်းအတွဲပေါင်း (၂၀၅)တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆင့်နိမ့်ကျောက်စိမ်းအသားကျောက်ရောင်းချပွဲတွင် ယနေ့မှ ဩဂုတ် ၁၄ ရက်အထိ ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေးခြင်းနှင့် ဈေးနှုန်း ပေးသွင်းလွှာများ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်ပြီး ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဝယ်ယူကြရမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် (အဖိတ်နေ့)

၁၃-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ(စောမင်းနောင် စိုင်းညိုမြင်း၊တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) မြတ်ဘုရားရှင်၏ဝါဆိုစဉ်
၈:၂၀	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၃၀	၇။	ကဗျာပန်းဥယျာဉ်
၈:၅၀	၈။	International News
၉:၀၀	၉။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၀	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၂၀	၅။	Yan Can Cook
၁၂:၄၀	၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်**(အပိုင်း-၆၇)
၁၃:၄၀	၇။	မုတ်သုံလေအားကောင်းခြင်းနှင့် နောက်ဆက်တွဲ မိုးလေဝသ ဖြစ်စဉ်များ
၁၄:၀၅	၈။	ရောင်စုံရေးသီတေးပန်းချီ
၁၄:၂၀	၉။	**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြိုတင်ပြင်ဆင်မှုများ** (ပိုက်ကျော်ခြင်း)
၁၄:၃၅	၁၀။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၄:၄၅	၁၁။	အဆိုပြိုင်ပွဲ
၁၄:၅၅	၁၂။	International News
၁၅:၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။	**Myanmar National League MNL GRAND ROYAL CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း)**
၅:၄၅	၂။	တေးဂီတအစီအစဉ်
၆:၀၀	၃။	ညနေခင်းသတင်း
၆:၁၅	၄။	မိုးလေဝသအခြေအနေ
၆:၂၀	၅။	အလှရှာမယ် လှကမ္ဘာဝယ်
၆:၃၅	၆။	ယဉ်တစ်ကိုယ်မယ်
၇:၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၅)
၈:၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၃၉)
	၁၂။	**သက်တံရောင် ကောင်းကင်သစ်** အကယ်ဒမီ-ရဲအောင်၊ အကယ်ဒမီမို့မို့မြင့်အောင်၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အကယ်ဒမီ မီးပွား)
	၁၃။	**ဂီတတံခါးလေးဖွင့်ပါဦး**
	၁၄။	အစီအစဉ်ပြီး၏။

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၁)သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရရှိအောင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခက်အခဲအမျိုးမျိုးကြားထဲက မဖြစ်မနေ ကြိုးပမ်းတည်ဆောက်ဖော်ဆောင်ခဲ့ပါတယ်။ အဲဒီလိုကြိုးပမ်းတည်ဆောက်ရာမှာလည်း ယခင်အစိုးရအဆက်ဆက်က ကျင့်သုံးခဲ့တဲ့ “ငြိမ်းချမ်းရေးတည်ဆောက်ဖို့ဆိုရင် သောင်းကျန်းသူများအနေနဲ့ ပထမဦးစွာ လက်နက်ချအလင်းဝင်ပါ၊ အဲဒီလို လက်နက်ချ အလင်းဝင်လာသူတွေအတွက် ပြန်လည်ထူထောင်ရေးကို နိုင်ငံတော်က တာဝန်ယူမယ်”ဆိုတဲ့ နည်းလမ်းကို မကျင့်သုံးဘဲ “ဥပဒေဘောင်အတွင်းကိုသာ အရင်ဝင်ခဲ့ပါ၊ နှစ်ဖက် အပစ်အခတ်ရပ်စဲထားမယ်၊ လက်နက်များကိုလည်း ဆက်လက်ကိုင်ဆောင်ခွင့်ပေးထားမယ်၊ ဒေသဖွံ့ဖြိုးရေးကိစ္စတွေကို နိုင်ငံတော်က တာဝန်ယူတည်ဆောက်ပေးမယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ပါ၊ နှစ်ဖက်နားလည်မှုတည်ဆောက်ကြမယ်”ဆိုတဲ့ စေတနာကိုအရင်းခံတဲ့၊ ပျော့ပျောင်းတဲ့ နည်းဗျူဟာကို ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလိုတည်ဆောက်ခဲ့တဲ့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နဲ့ အဖွဲ့ငယ်ပေါင်း (၂၃)ဖွဲ့တို့ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပါတယ်။ ဒါဟာ ခေတ်အဆက်ဆက် ဘယ်အစိုးရလက်ထက်မှာမှ အောင်မြင်မှုမရနိုင်ခဲ့တဲ့ ပြည်တွင်းသောင်းကျန်းမှုပြဿနာကို တပ်မတော်အစိုးရလက်ထက်မှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အောင်မြင်အောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရယူပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ အဖွဲ့များစာရင်းကို နောက်က Board မှာ လေ့လာကြည့်ရှုနိုင်ပါတယ်။ အဲဒီလို ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးကြရာမှာ ငြိမ်းချမ်းရေးအဖွဲ့များလိုက်နာရမယ့် ငြိမ်းချမ်းရေးမူစည်းကမ်း (၈)ချက်ကို အားလုံးက သဘောတူလက်ခံခဲ့တဲ့အတွက် အခုလိုကျေနပ်စွာ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီ ငြိမ်းချမ်းရေးမူစည်းကမ်း (၈)ချက်ကတော့ -

(၁) တပ်အင်အား မတိုးချဲ့ရ။
(၂) ဆက်ကြေးကောက်ခြင်းနှင့် ဥပဒေနှင့်မညီသောလုပ်ငန်းများ မပြုလုပ်ရ။
(၃) သတ်မှတ်ထားသောနယ်မြေအတွင်း၌သာ လှုပ်ရှားရန်နှင့် သတ်မှတ်နယ်မြေကျော်လွန်၍ လှုပ်ရှားမှုမျိုး မပြုလုပ်ရ။
(၄) ခရီးသွားလာရာတွင် သတ်မှတ်နယ်မြေအတွင်း လွတ်လပ်စွာ သွားလာနိုင်သော်လည်း အခြားနေရာများသို့ သွားလာရန်ရှိပါက သက်ဆိုင်ရာသို့ ခွင့်ပြုချက်ရယူ၍ လက်နက်မဲ့သာ သွားလာရန်။
(၅) နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုလုပ်ရ။
(၆) အစိုးရအား ဆန့်ကျင်သောအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အဆက်အသွယ် မပြုလုပ်ရ။
(၇) လက်နက်ကိုင်ဆောင်မှုနှင့်ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရန်။
(၈) အသစ်ရေးဆွဲလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူ့ဆန္ဒခံယူပွဲပြီးသည်နှင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်၊ သို့မှသာလျှင် ရွေးကောက်ပွဲ ဝင်ရောက်နိုင်မည်ဖြစ်သည်။

ဆိုတဲ့ အချက်များပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ ၃၃၈ မှာလည်း နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်ဆိုပြီး ပြဋ္ဌာန်းချက်ပါရှိပါတယ်။ ဒါကြောင့် ဒီအချက်တွေအရ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တပ်မတော်ရဲ့ကွပ်ကဲမှုအောက်မှာသာ တရားဝင်ရပ်တည်ရတော့မှာ ဖြစ်ပါတယ်။ သို့မဟုတ် လက်နက်စွန့်ပြီး အရပ်သားဘဝကို ခံယူကြရတော့မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်က သူတို့ကို အသွင်ကူးပြောင်းနိုင်ရန် ဆက်လက် စီမံဆောင်ရွက်ခဲ့ရပါတယ်။

ဒီလိုအသွင်ကူးပြောင်းရေးအတွက် တိုင်းရင်းသားခေါင်းဆောင်များနဲ့ ညှိနှိုင်းဆွေးနွေးရာမှာ တိုင်းရင်းသားခေါင်းဆောင်များက သူတို့ငြိမ်းချမ်းရေးအဖွဲ့များရှိ လက်အောက်ငယ်သားများအနေနဲ့ လက်နက်စွန့်ပြီး သာမန်အရပ်သားအသွင်ဖြင့် ရပ်တည်သွားဖို့ရာ အခက်အခဲများစွာရှိကြောင်း၊ လက်နက်ကို ဆက်လက်ကိုင်ဆောင်ခွင့်ပြုပြီး ၎င်းတို့အတွက် အလုပ်အကိုင်နဲ့ စားဝတ်နေရေး အဆင်ပြေအောင် စောင့်ရှောက်ပေးစေလိုကြောင်း တင်ပြခဲ့ကြပါတယ်။ အဲဒီတင်ပြချက်အရ တိုင်းရင်းသားလက်နက်ကိုင် ရဲဘော်များအတွက် ဘဝအာမခံချက်ရှိအောင်၊ လုံခြုံရေးရှိအောင်၊ သိက္ခာရှိရှိဖြင့် တိုင်းပြည်တာဝန်ထမ်းဆောင်ခွင့်ရအောင်၊ တစ်ဖက်ကလည်း ပြဋ္ဌာန်းချမှတ်ထားသော ဥပဒေ၊ စည်းကမ်း၊ သဘောတူညီချက်များနဲ့လည်းညီအောင် စဉ်းစားသုံးသပ်ပြီး တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် လည်းကောင်း၊ ပြည်သူ့စစ်များအဖြစ်လည်းကောင်း ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပါတယ်။ တပ်မတော်ရဲ့ လက်အောက်ခံတပ်ဖွဲ့တစ်ခုအဖြစ် ဖွဲ့စည်းရတာဖြစ်လို့ တပ်ဖွဲ့ဝင်များရဲ့ လစာ၊ ရိက္ခာ၊ စစ်ဝတ်၊ စစ်လက်နက်ပစ္စည်း စသည့်ကိစ္စများအတွက် စာရင်းဇယားလုပ်ထုံးလုပ်နည်းများနဲ့ စနစ်တကျ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလို စာရင်းဇယားနဲ့တကွ လုပ်တတ်ကိုင်တတ် ဆောင်ရွက်နိုင်ဖို့ နယ်ခြားစောင့်တပ်ဖွဲ့တစ်ခုမှာ တပ်မတော်သားအရာရှိ (၃)ဦးနဲ့ အခြားအဆင့် (၂၇)ဦးတို့ကို ထည့်သွင်းဖွဲ့စည်းရပါတယ်။ ဒီလို မိမိရဲ့ အရာရှိ၊ စစ်သည်အနည်းငယ်ကို နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအကြား ထည့်သွင်းဖွဲ့စည်းဆောင်ရွက်ရတဲ့ အနေအထားကိုကြည့်ရင် တပ်မတော်နဲ့ တပ်မတော်သားများရဲ့ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားရမှုကို တွေ့နိုင်ပါတယ်။

ဒါ့အပြင် ဒီတပ်ဖွဲ့တွေကို ကွပ်ကဲရမယ့် တပ်မတော်အတွက် ကွပ်ကဲခေါင်းဆောင်မှု၊ အုပ်ချုပ်မှု၊ လေ့ကျင့်ရေး၊ စည်းကမ်းထိန်းသိမ်းရေးတို့အတွက် အခက်အခဲရှိသည်မှန်သော်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးရေးအတွက် လိုက်လျောခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။

ဒီလို အကောင်အထည်ဖော်ရာမှာ ငြိမ်းချမ်းရေးရယူခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့၊ အဖွဲ့ငယ် (၂၃)ဖွဲ့၊ စုစုပေါင်းအဖွဲ့(၄၀) အနက် (၁၅)ဖွဲ့ဟာ နိုင်ငံတော်သို့ အပြီးအပိုင် လက်နက်စွန့်လွှတ်အပ်နှံခဲ့ပြီး ကျန်ရှိတဲ့ (၂၅)ဖွဲ့အနက် နယ်ခြားစောင့်တပ်ဖွဲ့အဖြစ် (၅)ဖွဲ့၊ ပြည်သူ့စစ်အဖြစ် (၁၅)ဖွဲ့ အသွင်ကူးပြောင်းဖွဲ့စည်းနိုင်ခဲ့ပါတယ်။ သို့သော်လည်း KIA (ကချင်)အဖွဲ့၊ UWSA (ဝ)အဖွဲ့၊ NDAA (မိုင်းလား)အဖွဲ့၊ NMSP (မွန်)အဖွဲ့နဲ့ KNU (ဦးဌေးမောင်)အဖွဲ့တို့ကတော့ အသွင်ကူးပြောင်းခြင်းကို လက်ခံခြင်းမရှိခဲ့ကြပါဘူး။ သို့သော်လည်း နိုင်ငံတော်အစိုးရအနေနဲ့ အဲဒီလက်မခံတဲ့အဖွဲ့များအပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ လက်ရှိအတိုင်း ရပ်တည်နေခွင့်ပြုခဲ့ပါတယ်။ ဒီလိုပြုခဲ့တာကလည်း နိုင်ငံတော်အစိုးရအနေနဲ့ စစ်ကိုမလိုလား၊ သွေးထွက်သံယိုမှုကို မလိုလားတဲ့အတွက် ရရှိထားပြီးဖြစ်တဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးမပျက်ရအောင်၊ ပြည်သူတွေ ထိခိုက်နစ်နာမှုမရှိရအောင်ဆိုတဲ့ စိတ်ရင်းစေတနာနဲ့ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ အဲဒီ သဘောတူညီချက်များကို အပြည့်အဝလိုက်နာခြင်းမရှိဘဲ ဒေသပြည်သူများထံမှ အခွန်အကောက်များ အတင်းအဓမ္မကောက်ယူခြင်း၊ လူသစ်စုဆောင်းခြင်း၊ စစ်အင်အားတိုးချဲ့ခြင်း၊ လက်နက်ခဲယမ်းများဖြည့်တင်းခြင်း စသည်ဖြင့် ဖောက်ဖျက်ကျူးလွန်မှုတွေ အများအပြားရှိခဲ့ပါတယ်။

သို့သော်လည်း နိုင်ငံတော်အပိုင်းကတော့ သဘောထားကြီးစွာ စိတ်ရှည်ရှည်ထားပြီး ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ တပ်အင်အားတိုးချဲ့ခြင်းများ မပြုလုပ်ရန်နဲ့ မူလသဘောတူညီချက်များအတိုင်း စောင့်ထိန်းလိုက်နာရန် အပြုသဘောသတိပေးဆွေးနွေးပြောကြားမှုများဖြင့် အခြေအနေကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် KIO / KIA အဖွဲ့ကတော့ “ဒီကိစ္စကို ဗဟိုကမသိပါဘူး၊ အောက်ခြေက နားမလည်လို့လုပ်မိတာပါ”စသဖြင့် အမျိုးမျိုးအကြောင်းပြပြီး ပုန်းလျှိုးကွယ်လျှိုးတစ်မျိုး၊ ပြောင်တစ်မျိုး နှစ်ဖက်သဘောတူညီချက်များကို အကြိမ်ကြိမ်ချိုးဖောက်ကျူးလွန်ခဲ့ပါတယ်။



သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၁)သို့ တက်ရောက်လာကြသည့် သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အဖွဲ့များကို တဖြည်းဖြည်း နားလည်သဘောပေါက် လက်ခံလာအောင် ဆက်လက်ဆောင်ရွက်သွားမယ်လို့လည်း ရည်ရွယ်ထားခဲ့ပါတယ်။

ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် KIO / KIA အဖွဲ့မှ ချိုးဖောက်မှုများ

ဆက်လက်ပြီး ယနေ့ KIO / KIA အဖွဲ့နဲ့ အပြန်အလှန်တိုက်ခိုက်မှုများ ဖြစ်ပွားနေတဲ့ အခြေအနေများကို ရှင်းပြလိုပါတယ်။ KIO / KIA အဖွဲ့ဟာ အထက်က ရှင်းပြခဲ့တဲ့ အဖွဲ့ကြီး (၁၇)ဖွဲ့ထဲမှာပါဝင်ပြီး နှစ်ဖက်ဆွေးနွေး ညှိနှိုင်းသဘောတူညီချက်များအရ ၁၉၉၄ ခုနှစ်မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။

KIO / KIA အဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ မူလသဘောတူညီချက်များအတိုင်း KIO / KIA တပ်ဖွဲ့အတွက် ရိက္ခာ၊ ယာဉ်၊ ငွေကြေး စုစုပေါင်း ကျပ်သန်းပေါင်း ၁၄၅ ဒသမ ၃၂၉သန်း ထောက်ပံ့ကူညီပေးခဲ့ပါတယ်။ ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သန်းပေါင်း ၅၄၇၅ ဒသမ ၄၅သန်း၊ ဝန်ကြီးဌာနများ၏ အသုံးစရိတ်မှ ကျပ်သန်းပေါင်း ၅၂၅၂ ဒသမ ၃၀သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၅၇၉၉၆ ဒသမ ၇၅သန်း သုံးစွဲကုန်ကျ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာမှာ တစ်နိုင်ငံလုံးအတွက် နိုင်ငံတော်က ငွေကျပ် (၄၃၃)ဘီလီယံကျော် ကျခံသုံးစွဲဆောင်ရွက်ပေးခဲ့ရာမှာ ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် (၅၈)ဘီလီယံခန့် ပါဝင်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ KIO / KIA အဖွဲ့ရန်ပုံငွေအတွက် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ခွင့်များကိုလည်း ခွင့်ပြုပေးခဲ့ပါတယ်။

နိုင်ငံတော်ဘက်က ဒီလို ကတိကဝတ်နဲ့အညီ တာဝန်ကျေပွန်စွာ ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပေမယ့် KIO / KIA အဖွဲ့ကတော့ နှစ်ဖက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီးတဲ့နောက် အခြေခံဥပဒေအတိုင်း အကောင်အထည်ဖော်ဖို့ အချိန်ကျရောက်လာတဲ့အခါမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးကြစဉ်က နှစ်ဖက်သဘောတူညီပြီးဖြစ်တဲ့ “လက်နက်ကိုင်ဆောင်မှုနဲ့ပတ်သက်၍ နောင်ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူပြီးသည်နှင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်၊ သို့မှသာ ရွေးကောက်ပွဲဝင်ရောက်နိုင်မည်”ဆိုတဲ့ အချက်များအတိုင်း KIO အဖွဲ့ကိုဖျက်သိမ်းပြီး ပါတီထူထောင်လိုပါက ပါတီထူထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့၊ KIA တပ်ဖွဲ့များကိုလည်း ဖျက်သိမ်းပြီး လက်နက်စွန့်ဖို့ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း KIO/ KIA အဖွဲ့အနေနဲ့ နိုင်ငံရေးအဖွဲ့ဖြစ်တဲ့ Kachin Independent Organization (KIO) ကို မဖျက်သိမ်းဘဲ ဆက်လက်ရပ်တည်ခွင့်၊ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်တဲ့ Kachin Independent Army (KIA) ကိုလည်း မဖျက်သိမ်းဘဲ ဆက်လက်ရပ်တည်ခွင့်နဲ့ KIO ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာတူးဂျာနဲ့ ပုဂ္ဂိုလ်အချို့ကိုမူ KIO မှနုတ်ထွက်စေပြီး ပါတီထူထောင်ကာ ရွေးကောက်ပွဲဝင်ခွင့်ဆိုတဲ့အချက်တွေကို တောင်းဆိုခဲ့ပါတယ်။

နိုင်ငံတော်ဘက်ကတော့ KIO ကိုဖွဲ့ထားပြီး တစ်ဖက်ကလည်း KIO အဖွဲ့ဝင်များက ပါတီထောင်ပြီး ရွေးကောက်ပွဲဝင်ဖို့ဆိုတာ လက်ခံလို့မရနိုင်ဘူး၊ ဒါကြောင့် KIO ကို အားလုံးဖျက်သိမ်းပြီးမှသာ ပါတီထူထောင်ဖို့နဲ့ ရွေးကောက်ပွဲဝင်ဖို့ဖြစ်ကြောင်း၊ အခြားသော ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့တဲ့ ***စာမျက်နှာ ၄ ကော်လံ ၁သို့***

13-8 (03).pmd 1 8/13/2011, 4:51 AM



မှတ်တမ်းအချက်အလက်များ

ခန်းမအတွင်း ခင်းကျင်းပြသထားသော မှတ်တမ်းအချက်အလက်များကို တွေ့ရစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေနဲ့လည်း ဒီမူအတိုင်းသာ ဆောင်ရွက်ကြကြောင်း၊ KIA လက်နက်ကိုင် တပ်ဖွဲ့ကို မဖျက်သိမ်းလိုပါက တပ်မတော်ရဲ့ကွပ်ကဲမှုအောက်မှာ Border Guard Force (BGF) ဖွဲ့ခွင့်ပြုမည်ဖြစ်ကြောင်း စသဖြင့် ပြန်လည်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

KIO / KIA အဖွဲ့နဲ့ အသွင်ကူးပြောင်းရေးမတိုင်မီ (၄)ကြိမ်၊ အသွင်ကူးပြောင်းရေးကာလအတွင်း (၅)ကြိမ် စုစုပေါင်း (၉)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ရာမှာ သူတို့က -

(၁) KIO အနေဖြင့် ကချင်ပြည်နယ်အစိုးရ အာဏာ(၃)ရပ်၌ တိုက်ရိုက်ပါဝင်နိုင်ရေး၊ KIA တပ်ဖွဲ့ကို ကချင်ဒေသလုံခြုံရေးတပ် (KRGF) အမည်သတ်မှတ်ပြီး လက်ရှိအတိုင်းထားရှိရေး၊ ကချင်ပြည်နယ်အစိုးရ ပေါ်ပေါက်လာသည့်အခါ KRGF ကို ကချင်ပြည်နယ်အစိုးရလက်အောက်တွင် ထားရှိရေး။

(၂) လက်ရှိ ရုံးဌာနအဖွဲ့အစည်းများဖြစ်သော ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ဒေသဖွံ့ဖြိုးရေးဌာန၊ သစ်တောထိန်းသိမ်းရေးနှင့် စိုက်ပျိုးမွေးမြူရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ စာပေနှင့်ယဉ်ကျေးမှုဌာန၊ စီးပွားရေးဌာန၊ ဘဏ္ဍာရေးဌာန၊ တရားရေးဌာန၊ နိုင်ငံခြားဆက်ဆံရေးဌာန၊ အမျိုးသမီးရေးရာဌာနများရှိ အရည်အချင်း ကိုက်ညီသူများကို ဆက်လက်တာဝန်ထမ်းဆောင်ခွင့်ရရှိရေးဆိုတဲ့ အချက်များကို အဓိက တောင်းဆိုခဲ့ပါတယ်။

သို့ပါ၍ အသွင်ကူးပြောင်းရေးဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ KIO / KIA က အသွင်ကူးပြောင်းရေး လက်မခံသည့်တိုင် တပ်မတော်အစိုးရအနေဖြင့် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမပြုဘဲ တဖြည်းဖြည်း နားလည်သဘောပေါက် ပြေလည်အောင် ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတဲ့ စေတနာနဲ့ KIO/ KIA အဖွဲ့ကို လက်ရှိအတိုင်း ဆက်လက်ရပ်တည်ခွင့် ပေးခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့သစ်လက်ထက်မှာလည်း KIO / KIA အဖွဲ့ကို လက်ရှိအတိုင်း ဆက်လက်ရပ်တည်ခွင့်ပြုပြီး နောင်တစ်ချိန်ကျမှ တဖြည်းဖြည်း နားလည်သဘောပေါက်လက်ခံလာအောင် စည်းရုံးသွားမယ်ဆိုတဲ့မူနဲ့ ရပ်တည်ဆောင်ရွက်ခဲ့ပါတယ်။

နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ စတင်ဖြစ်ပွားရခြင်း

ဒီလို နိုင်ငံတော်အစိုးရဘက်က ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုကို မထိခိုက်စေလိုတဲ့ စိတ်ရင်းအခံနဲ့ ညင်သာစွာ ကိုင်တွယ်ဆောင်ရွက်နေပေမယ့် KIO / KIA ဘက်က စတင်ပြီး စည်းဖောက်လာခဲ့ပါတယ်။ ဧပြီလ ၁၆ ရက်နေ့မှာ မလိခမြစ်အရှေ့ဘက်ကမ်းရှိ ကျောက်ဖောက်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ရပ်ဆိုင်းထားရန် တားမြစ်ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ပါတယ်။ အလားတူ မေ ၅ ရက်နေ့ကလည်း မလိခမြစ်အရှေ့ဘက်ကမ်းရှိ လာဆာရေအားလျှပ်စစ်စီမံကိန်းကို ဝင်ရောက်ပြီး တရုတ်နိုင်ငံသားဝန်ထမ်းများအား မြစ်အနောက်ဘက်ကမ်းသို့ နှစ်ရက်အတွင်းပြောင်းရွှေ့ရန်၊ မလိခမြစ် အရှေ့ဘက်ကမ်းသို့ စခန်းတိုးချဲ့ထားမှုကို အမြန်ရုပ်သိမ်းရန် ခြိမ်းခြောက်ဟန့်တားမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ဇွန် ၈ ရက်နေ့က မန်စီမြို့နယ် ကိုက်ထိပ်ကျေးရွာအနီးရှိ ဆက်သွယ်ရေးမိုက်ခရိုဝေ့ဖ်စခန်းလုံခြုံရေးရဲကင်းရှိ ရဲတပ်သားတစ်ဦးနဲ့ အရပ်သားတစ်ဦးတို့ကို KIA က ဝင်ရောက်ဖမ်းဆီးသွားခဲ့ပါတယ်။ ၎င်းတို့ကို ပြန်လွှတ်ပေးရေးအတွက် ရဲတပ်ဖွဲ့က ညှိနှိုင်းတောင်းဆိုသော်လည်း လွှတ်မပေးခဲ့ပါဘူး။ ဇွန် ၁၂ ရက်နေ့ တပ်မတော်စစ်ကြောင်းက သွားရောက်တောင်းခံမှသာ လွှတ်ပေးခဲ့ပါတယ်။

တစ်ဖန် ဇွန်လ ၈ ရက်နေ့မှာပဲ တာပိန်ရေအားလျှပ်စစ်စီမံကိန်း လုံခြုံရေးတာဝန် ထမ်းဆောင်နေတဲ့ စစ်သည်တစ်ဦးကို KIA ဒွန်ဘုံစခန်းက လမ်းခရီးမှာ ခေါ်ယူစစ်ဆေးပြီး ကျည်ဆန်များထည့်ထားတဲ့ ကျောပိုးအိတ်ကို သိမ်းဆည်းထားခဲ့ပါတယ်။ အဲဒီကိစ္စနဲ့စပ်လျဉ်းပြီး ဖြေရှင်းနိုင်ဖို့ KIA ဒွန်ဘုံစခန်းကို သွားရောက်ခဲ့တဲ့ တပ်မတော်အရာရှိ (၂)ဦးကိုလည်း KIA အဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။

ဒါ့အပြင် ဗန်းမော်မှ တာပိန်ရေအားလျှပ်စစ်စီမံကိန်းသို့ ချီတက်လာတဲ့ အခြေချစစ်ဗျူဟာမှူး ဦးစီးစစ်ကြောင်းကိုလည်း KIA ဆန်ခါစခန်းမှလည်းကောင်း၊ တာပိန်ရေအားလျှပ်စစ်စက်ရုံအဝင် တောင်ကုန်းထိပ် KIA ထုံးဘိုစခန်းမှလည်းကောင်း စောင့်ကြိုပြီး ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပါတယ်။ ဒါကြောင့် တပ်မတော်စစ်ကြောင်းအနေနဲ့ မလွှဲမရှောင်သာ ပြန်လည်ပစ်ခတ်တိုက်ခိုက်ပြီး KIA အဖွဲ့က ဖမ်းဆီးထားတဲ့ အရာရှိ (၂)ဦးကို ဇွန်လ ၉ ရက်နေ့မှာ ပြန်လည်ခေါ်ဆောင်ခဲ့ရပါတယ်။ ဆက်လက်ပြီး တပ်မတော်စစ်ကြောင်းက တာပိန်ရေအားလျှပ်စစ်စီမံကိန်းအနီး လာဖွင့်ထားတဲ့ KIA ယာယီစခန်း (ထုံးဘို)ကိုလည်း ဇွန် ၁၁ ရက်နောက်ဆုံးထားပြီး ဖယ်ရှားပေးရန် အကြောင်းကြားခဲ့ပေမယ့် ဖယ်ရှားပေးခြင်းမရှိတဲ့အတွက် ဇွန် ၁၂ ရက်ညပိုင်းမှာ အဲဒီစခန်းကို တိုက်ခိုက်သိမ်းပိုက်ခဲ့ရပါတယ်။ ထုံးဘိုစခန်းဟာ KIA အတွက် သဘောတူထားတဲ့ တပ်တည်နေရာမဟုတ်ဘဲ ၎င်းတို့က တိုးချဲ့လာဖွင့်တဲ့ စခန်းသာဖြစ်ပါတယ်။



တာပိန်ရေအားလျှပ်စစ်စီမံကိန်းဟာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံ Datang (Yunnan) United Hydropower Developing (DUHD) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကြီးမားပြီး အရေးကြီးသော စီမံကိန်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီစီမံကိန်းကို အနှောင့်အယှက်မရှိ ချောမောစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်နိုင်ငံ Datang Co. က KIO ထံ ယွမ်ငွေ (၁၅)သန်း လှူဒါန်းပေးခဲ့ရတယ်လို့ သတင်းကြားသိရမှုများ ရှိခဲ့ပါတယ်။ သို့သော် ဇွန်လအတွင်းမှာ KIO / KIA က တာပိန်ရေအားလျှပ်စစ်စီမံကိန်းမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ တရုတ်ပညာရှင်များ၊ ဝန်ထမ်းများကို လာရောက်နှောင့်ယှက်ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ၊ ဒွန်ဘုံစခန်းမှနေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ တာပိန်ရေအားလျှပ်စစ်စီမံကိန်းရဲ့ ဆက်သွယ်ရေးလမ်းကြောင်းကို ခြိမ်းခြောက်ခြင်း၊ ရေအားလျှပ်စစ်စီမံကိန်းမှ ဗန်းမော်သို့သွယ်တန်းထားတဲ့ တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို KIO / KIA အဖွဲ့ရဲ့ နှောင့်ယှက်ခြိမ်းခြောက် အကျပ်ကိုင်မှုများကြောင့် စီမံကိန်းမှာတာဝန်ထမ်းဆောင်လျက်ရှိတဲ့ DUHD ကုမ္ပဏီမှ တရုတ်နိုင်ငံသား (၂၁၅) ဦး ဟာ ဇွန်လ ၉ ရက်နေ့ကနေ ၁၄ ရက်နေ့အတွင်း အသီးသီး ပြန်လည်ထွက်ခွာသွားခဲ့ကြပါတယ်။ အဲဒီလို ပညာရှင်နဲ့ ဝန်ထမ်းတွေ ပြန်လည်ထွက်ခွာသွားခဲ့တဲ့အတွက် (၆၀)မဂ္ဂါဝပ်(၈) စက်လေးလုံးနဲ့ လည်ပတ်လျက်ရှိတဲ့ အဲဒီစက်ရုံကို ဇွန် ၁၄ ရက်ကစပြီး လည်ပတ်မှု ရပ်နားပိတ်သိမ်းခဲ့ရပါတယ်။

ဒါ့အပြင် တာပိန်ရေအားလျှပ်စစ်စက်ရုံတည်ရှိတဲ့ မိုးမိတ်-တာပိန်လမ်းကြောင်းဟာ KIA နယ်မြေမဟုတ်ပါဘူး။ အဲဒီလို သူတို့နယ်မြေမဟုတ်ကြောင်းလည်း ယခင်ကတည်းက အကြိမ်ကြိမ်ပြောကြားခဲ့ပြီး အဲဒီလမ်းကြောင်းပေါ်မှာ KIA တပ်များ နေရာယူထားမှုကို ဖယ်ရှားပေးရန် တပ်မတော်ဘက်က ကောင်းမွန်စွာ အသိပေးအကြောင်းကြားခဲ့ပါတယ်။ ဖယ်ရှားမပေးတဲ့အပြင် ခြိမ်းခြောက်နှောင့်ယှက်မှုများ၊ ပစ်ခတ် တိုက်ခိုက်မှုများ စတင်ဖောက်ဖျက်ကျူးလွန်လာတဲ့အတွက် တာပိန်ရေအားလျှပ်စစ်စီမံကိန်းနေရာကို စိုးမိုးထားတဲ့၊ သဘောတူ တပ်တည်နေရာမဟုတ်ဘဲ ဖွင့်ထားတဲ့ KIA ထုံးဘိုစခန်းနဲ့ ဆန်ခါစခန်းတို့ကို အကန့်အသတ်ဖြင့် တပ်မတော်မှ သိမ်းယူခဲ့ရခြင်းဖြစ်ပါတယ်။ အဲဒီလို သိမ်းယူပြီးနောက်မှာလည်း တာပိန်ရေအားလျှပ်စစ် စီမံကိန်းနေရာမှလွဲပြီး အခြားဒေသများကို ဆက်လက်တိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိကြောင်း KIO / KIA အဖွဲ့ထံ အသိပေးပြောကြားခဲ့ပြီးဖြစ်ပါတယ်။

နှစ်ဖက်အပစ်အခတ်ရပ်စဲနိုင်ရန် ဆောင်ရွက်မှုအခြေအနေများ

နိုင်ငံတော်အစိုးရအနေနဲ့ စစ်ကိုမလိုလားပါဘူး၊ သွေးထွက်သံယိုမှုကို မလိုလားပါဘူး၊ ငြိမ်းချမ်းရေး တည်ငြိမ်ရေးကိုသာ လိုလားပါတယ်။ ဒါကြောင့်လည်း ရှေ့ပိုင်းမှာ ကျွန်တော်ပြောခဲ့သလို အဆင့်ဆင့် သဘောထားကြီးစွာ၊ စိတ်ရှည်စွာ ဇွဲစိုက်ညှိနှိုင်းလိုက်လျောဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ သို့သော်လည်း အများပြည်သူရဲ့ အသက်အိုးအိမ်လုံခြုံရေး၊ စီမံကိန်းလုပ်ငန်းများလုံခြုံရေးနဲ့ တပ်မတော်၊ ရဲတပ်ဖွဲ့ဝင်များရဲ့ လုံခြုံရေးအတွက် KIA တပ်များကို ပြန်လည်တိုက်ခိုက်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီလို တိုက်ခိုက်ရာမှာလည်း ကန့်သတ်တိုက်ခိုက်မှုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စစ်ဆင်ရေးသဘော၊ ထိုးစစ်သဘော တိုက်ခိုက်ခြင်းမဟုတ်ကြောင်း၊ အခြားသော ရန်လိုဖိနှိပ်တိုက်ခိုက်လိုသည့် ရည်ရွယ်ချက်များမရှိကြောင်း ဇွန်လ ၁၈ ရက်နေ့မှာ သတင်းများထုတ်ပြန် အသိပေးချပြခဲ့ပြီးဖြစ်ပါတယ်။ ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကလည်း KIO ရဲ့ အပစ်အခတ်ရပ်စဲရေး လိုလားကြောင်း ကမ်းလှမ်းချက်အပေါ် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားရန် အကြောင်းပြန်ကြားခဲ့ပြီး တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ စစ်ကြောင်းများအားလုံးအနေဖြင့် ဇွန်လ ၁၈ ရက်နေ့ ညနေ ၆ နာရီအချိန်မှစတင်၍ KIA အဖွဲ့မှ စတင်ပစ်ခတ်သည့် အခြေအနေမျိုးမှအပ မိမိမှ ပစ်ခတ်ခြင်းမပြုလုပ်ရန် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ထိုသို့ ထုတ်ပြန်ထားမှုကိုလည်း KIO ထံ အသိပေးခဲ့ပါတယ်။

အဲဒီ ဇွန်လ ၉ ရက်ကနေ ၁၈ ရက်နေ့အထိ ကာလအတွင်း KIO / KIA အဖွဲ့အနေနဲ့ ဖောက်ခွဲဖျက်ဆီးမှု (၄၉)ကြိမ်ပြုလုပ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးမှာ အဓိကကျတဲ့ သံပေါင်ဘေလီတံတား (၁၂)စင်း၊ သံကူကွန်ကရစ်တံတား (၁၁)စင်း၊ ကွန်ကရစ်တံတား (၁၃)စင်း၊ သစ်သားတံတား (၂)စင်း စုစုပေါင်း တံတား (၃၈)စင်းကို ဖောက်ခွဲဖျက်ဆီးခဲ့ပါတယ်။ ဖျက်ဆီးခဲ့တဲ့ တံတားများအနက်က တံတား (၁၅)စင်းဟာ ယာဉ်သွားလာလို့မရတော့လောက်အောင် ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် မိမိလုံခြုံရေးအဖွဲ့နဲ့ တွေ့ဆုံပစ်ခတ်မှု (၇)ကြိမ်၊ မိမိလုံခြုံရေးအဖွဲ့အား နှောင့်ယှက်ပစ်ခတ်မှု (၇)ကြိမ်၊ မိုင်းဆွဲတိုက်ခိုက်မှု (၃)ကြိမ်နဲ့ မိုင်းထောင်တိုက်ခိုက်မှု (၄)ကြိမ် လုပ်ဆောင်ခဲ့ရာ လုံခြုံရေးအဖွဲ့ဝင်များ ကျဆုံး ဒဏ်ရာရမှုတွေ ရှိခဲ့တဲ့အပြင် အပြစ်မဲ့ပြည်သူ (၂)ဦးသေဆုံးခဲ့ပြီး (၅)ဦးဖမ်းဆီးခံခဲ့ရတာကို တွေ့ရှိရပါတယ်။

ဇွန် ၁၈ ရက်နေ့ တပ်မတော်ဘက်က အပစ်အခတ်ရပ်စဲရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့တဲ့ အခြေအနေကိုလည်း မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်က KIO ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဇောင်းဟရားထံ ဇွန် ၁၉ ရက်နေ့မှာ အကြောင်းကြားစာ ထပ်မံပေးပို့ခဲ့ပါတယ်။ အဲဒီအကြောင်းကြားစာနဲ့ပတ်သက်ပြီး KIO ဗဟိုကော်မတီအတွင်းရေးမှူးက ဦးသိန်းဇော်ထံ ပြန်လည်အကြောင်းကြားစာပေးပို့ခဲ့ပါတယ်။ ၎င်းစာပါအချက်များမှာ -

(၁) နှစ်ဖက်တပ်များအားလုံး တပ်ရွှေ့လျားခြင်း၊ လှုပ်ရှားခြင်းမပြုဘဲ KIA မှ တာဝန်ရှိသူများနဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက နှစ်ဖက်တပ်ဖွဲ့များအား ညွှန်ကြားထားပြီးဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်။

(၂) KIA နဲ့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ လက်မှတ်ရေးထိုးထားတဲ့ သက်သေအထောက်အထားကို KIA မှ KIO ဗဟိုကော်မတီသို့ တင်ပြ၍ ထာဝရငြိမ်းချမ်းရေးရရှိနိုင်ရေး အစီအစဉ်များအတွက် ဆက်လက်ဆွေးနွေးသွားမည်ဆိုသည်ကို သဘောတူရန်။

(၃) KIO အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို လိုလားသော်လည်း အထက်ပါအချက်များကို သဘောတူကြောင်း ပြန်ကြားမှသာ KIA တပ်များအနေနဲ့ တိုက်ခိုက်ခြင်းများရပ်ဆိုင်းရန် ညွှန်ကြားသွားနိုင်မည်။

ဆိုသည့် အချက်များဖြစ်ပါတယ်။ တပ်မတော်က အပစ်အခတ်ရပ်စဲထားရန် လက်အောက်တပ်များသို့ ညွှန်ကြားခဲ့သော်လည်း KIO ကမူ လက်အောက်သို့ အပစ်အခတ်ရပ်စဲရန် ညွှန်ကြားခြင်းမရှိခဲ့ဘဲ ပစ်ခတ်တိုက်ခိုက် ဖောက်ခွဲမှုများ ဆက်လက်ပြုလုပ်ခဲ့ပါတယ်။

ဇွန်လ ၁၉ ရက်ကနေ ၃၀ ရက်နေ့အထိ ကာလအတွင်း KIO / KIA အဖွဲ့အနေနဲ့ ဖောက်ခွဲဖျက်ဆီးမှု (၃၇)ကြိမ်ပြုလုပ်ခဲ့ပြီး သံပေါင်ဘေလီတံတား (၆)စင်း၊ သံကူကွန်ကရစ်တံတား (၃)စင်း၊ ကွန်ကရစ်တံတား (၁၁)စင်း၊ သစ်သားတံတား (၃)စင်း၊ လူကူးကြိုးတံတား (၂)စင်း စုစုပေါင်းတံတား (၂၅)စင်းကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ပါတယ်။ ဖျက်ဆီးခဲ့တဲ့ တံတားများအနက်က တံတား (၇)စင်းဟာ ယာဉ်သွားလာလို့မရတော့လောက်အောင် ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် မိမိလုံခြုံရေးအဖွဲ့နဲ့ တွေ့ဆုံပစ်ခတ်မှု (၆)ကြိမ်၊ မိမိလုံခြုံရေးအဖွဲ့အား နှောင့်ယှက်ပစ်ခတ်မှု (၁၆)ကြိမ်၊ မိုင်းဆွဲတိုက်ခိုက်မှု တစ်ကြိမ်နဲ့ မိုင်းထောင် တိုက်ခိုက်မှု (၂)ကြိမ် လုပ်ဆောင်ခဲ့ရာ လုံခြုံရေးအဖွဲ့ဝင်များ ကျဆုံးဒဏ်ရာရမှုတွေ ရှိခဲ့တဲ့အပြင် အပြစ်မဲ့ ပြည်သူ (၂)ဦး ဒဏ်ရာရရှိခဲ့ပြီး (၃၈)ဦး ဖမ်းဆီးခံခဲ့ရတာကို တွေ့ရှိရပါတယ်။ အဲဒီကာလအတွင်း ဖားကန့်မြို့နယ် မအူပင်ကျေးရွာမှ ရာအိမ်မှူး ဦးမြင့်စိုးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သိရောမဏီတံတားနဲ့ တစ်မိုင်ခန့်အကွာမှာ ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ခြင်း၊ ကထန်ယန်ကျေးရွာနေ ရေဒီယို ကက်ဆက်ပြင်သူ မြင့်နိုင်ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး ရွာလယ်တံတားကို ဖောက်ခွဲဖို့ ဝိုင်ယာကြိုး ဆင်ခိုင်းတဲ့အခါ မြင့်နိုင်ဦးက ငြင်းဆန်တဲ့အတွက် တုတ်ဖြင့်ရိုက် ဓားနဲ့ထိုးပြီးသတ်ခြင်းစတဲ့ အပြစ်မဲ့ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှုများကိုလည်း ဆက်လက်ကျူးလွန်ခဲ့ပါတယ်။

အခြေအနေအရပ်ရပ်ကို ထိန်းနိုင်ဖို့အတွက် သက်ဆိုင်ရာ ကချင်ပြည်နယ်အစိုးရအနေနဲ့ ဇွန်လ ၂၇ ရက်နေ့မှာ ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စည်းကာ ဇွန်လ ၃၀ ရက်နေ့ကစပြီး လဂျားယန်မှာ KIO / KIA အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှုများ စတင်ပြုလုပ်ခဲ့ပါတယ်။

အဲဒီလို ညှိနှိုင်းဆွေးနွေးမှုများအရ KIO က ယာယီအပစ်အခတ်ရပ်ဆိုင်းရေးမှ တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်လိုသော ဆန္ဒရှိပါကြောင်းနဲ့-

(၁) နိုင်ငံတော်အစိုးရနဲ့ KIO တို့ နှစ်ဖက်ယာယီ အပစ်အခတ် ရပ်ဆိုင်းရေးစာချုပ် လက်မှတ်ရေးထိုးထားရန်။

စာမျက်နှာ ၅ ကော်လံ ၁သို့

13-8 (04).pmd 1 8/13/2011, 4:51 AM

စာမျက်နှာ ၄ မှ

(၂) နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးပြီးလျှင် လိုအပ်သည်များကို ဆက်လက်ဆွေးနွေးသွားရန် ဆိုတဲ့လိုလားချက်(၂)ချက်ကို ဖော်ပြပြီး ဇူလိုင်လ ၈ ရက်နေ့မှာ ပေးပို့ပြန်ကြားခဲ့ပါတယ်။ အဲဒီပြန်ကြားစာနဲ့အတူ ယာယီအပစ်အခတ်ရပ်ဆိုင်းရေး စာချုပ်(မူကြမ်း)ကိုပါ ပူးတွဲပေးပို့လာပါတယ်။ အဲဒီစာချုပ်(မူကြမ်း)ကတော့ -

(၁) ယာယီအပစ်အခတ်ရပ်ဆိုင်းရေး သဘောတူစာချုပ်အား လက်မှတ်ရေးထိုးပြီး KIA တပ်နဲ့ ရင်ဆိုင်တိုက်ပွဲဝင်နေသော မြန်မာ့တပ်မတော်တပ်ဖွဲ့များ မူလမိမိ၏ တပ်ရင်းဌာနချုပ်တပ်တည်များသို့ ပြန်လည်ဆုတ်ခွာပေးရန်။

(၂) နှစ်ဖက်တပ်ဖွဲ့များ စစ်ဆင်ရေးလှုပ်ရှားမှုများအား ရပ်ဆိုင်းထားရန်။

(၃) ယာယီအပစ်အခတ် ရပ်ဆိုင်းပြီး (၆)လအတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်ဆိုင်းကာ စစ်မှန်သောထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(၄) နှစ်ဖက်တပ်ဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရမည်။ ထို့အတူ မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည့်ကိစ္စများကိုလည်း မပြုလုပ်ရ။ ထိုကိစ္စများကို ပြုလုပ်ပါက တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူရမည်။ ထိုသို့အရေးယူနိုင်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရမည်။

(၅) နှစ်ဖက်တပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းထားရမည်။ နှစ်ဖက်တပ်တည်များကို ပြန်လည်ညှိနှိုင်းဆွေးနွေး သတ်မှတ် ရမည်ဆိုတဲ့ အချက်များအပါအဝင် စုစုပေါင်း (၁၁)ချက်ဖြစ်ပါတယ်။ ၎င်းအဆိုပြုချက်မူကြမ်းကိုလည်း နောက်ဘက်က Board မှာ ဖော်ပြထားပါတယ်။

ထိုသို့ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးနေဆဲဖြစ်သော်လည်း KIO / KIA အဖွဲ့အနေနဲ့ အခြေအနေကို ထိန်းသိမ်းခြင်းမပြုဘဲ ဇူလိုင်လ ၂၃ ရက်နေ့မှာဆွမ်ပရာဘွမ် - ပူတာအိုကားလမ်း အင်ခေါမရွာရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း အထူးအဖွဲ့(၁၄)ယာယီအဆောက်အအုံနေရာကို ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် ဝန်ထမ်း(၂)ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်ပိုင်လမ်းကြိတ်စက်၊ မြေညှိစက် နဲ့ မြေတင်စက်များကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့ပါတယ်။ ဒါကြောင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့အနေနဲ့ KIA ရဲ့ ထိုလုပ်ရပ်များဟာ ငြိမ်းချမ်းရေးကို သွေဖည်ဆန့်ကျင်တဲ့ လုပ်ရပ်များဖြစ်ကြောင်း၊ ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် လိုအပ်ကြောင်း ဖော်ပြတောင်းဆိုတဲ့ စာတစ်စောင်ကို ဇူလိုင် ၂၃ ရက်မှာ ထပ်မံပေးပို့ခဲ့ပါတယ်။

ဇူလိုင် ၂၂ ရက်နေ့မှာ ကချင် ပြည်နယ် တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့က ပေးပို့ခဲ့တဲ့ အဆိုပြုချက်အပေါ် ဇူလိုင်လ ၂၅ ရက်နေ့မှာ KIO ဘက်ကလည်း အပစ်အခတ်ရပ်ဆိုင်းရေး သဘောတူညီချက် (စာကြမ်း)ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။ အဲဒီမှာလည်း နှစ်ဖက်လိုက်နာရမည့် သဘောတူညီချက်များအနေနဲ့ -

(၁) ရေရှည်တည်တံ့မည့်ငြိမ်းချမ်းရေး (ထာဝရငြိမ်းချမ်းရေး)တည်ဆောက်နိုင်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသော ကချင်ပြည်နယ်အတွင်းနှင့် ဆက်စပ် နယ်မြေများအတွင်း ဖြစ်ပွားနေသည့် ပစ်ခတ်တိုက်ခိုက်မှုများကို ယာယီရပ်ဆိုင်းထားရန်။

စာမျက်နှာ ၆ ကော်လံ ၁ သို့



ခန်းမအတွင်းခင်းကျင်းပြသထားသော မှတ်တမ်းအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ခန်းမအတွင်းခင်းကျင်းပြသထားသော မှတ်တမ်းအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

(၄) ယာယီအပစ်အခတ်ရပ်ဆိုင်းရေးစာချုပ်အား (၆)လပြည့်သည့် အချိန်တွင် ပြန်လည်သုံးသပ်ရန်ဆိုတဲ့ အဆိုပြုချက်များ ပါဝင်တာကို တွေ့ရှိရပါတယ်။

တစ်ဖန် KIO / KIA အဖွဲ့အနေနဲ့ ဇူလိုင်လ ၁၇ ရက်နေ့မှာ အပစ်အခတ်ရပ်ဆိုင်းရေးသဘောတူညီချက်(စာကြမ်း)ကို ထပ်မံပေးပို့ပြီး နှစ်ဖက်လက်မှတ်ရေးထိုးရာမှာ ညှိနှိုင်းရေးအဖွဲ့အနေနဲ့မဟုတ်ဘဲ အစိုးရအဖွဲ့၏ကိုယ်စား ရေးထိုးခြင်းဖြစ်ရန် လိုလားပါကြောင်း၊ နှစ်ဖက်အကျိုးကိုရေရှည်တာဝန်ခံနိုင်ပြီး နှစ်ဦးနှစ်ဖက်အားသက်သေအဖြစ် ကိုယ်စားပြုနိုင်ရန် တရုတ်နိုင်ငံမှ ပုဂ္ဂိုလ်များ သက်သေအဖြစ်ဆောင်ရွက်ပေးရန် လိုလားပါကြောင်း ဖော်ပြတောင်းဆိုခဲ့ပါတယ်။ ထိုတောင်းဆိုချက်များနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရက KIO နဲ့ ညှိနှိုင်းဆွေးနွေးနေသော်လည်း KIO က နိုင်ငံတော်အစိုးရဘက်မှ တိကျတဲ့ သဘောတူညီချက်မရရှိသေးတာကြောင့်ဟု အကြောင်းပြပြီး မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်နေခဲ့ပါတယ်။

အဲဒီလုပ်ဆောင်ချက်များကတော့ ဇူလိုင်လ ၁ ရက်နေ့က မန်စီမြို့နယ် နန့်ဟန်ကျေးရွာမှာ တပ်မတော် တပ်ကြပ်ကြီးတစ်ဦးနဲ့ ရဲတပ်ကြပ်တစ်ဦးတို့ကို ဖမ်းဆီးခြင်း၊ ဇူလိုင်လ ၁၀ ရက်နေ့က မန်စီမြို့နယ် နန့်ဟန်သစ်တောကင်းရုံအား ဝင်ရောက်ဖျက်ဆီးပြီး မော်တော်ယာဉ် (၂)စီး လုယက်ယူဆောင်သွားခြင်း၊ ဇူလိုင်လ ၁၄ ရက်နေ့မှာ မန်စီ-ကိုက်ထိပ် ကားလမ်းပေါ်ရှိ ကိုက်ထိပ်မိုက်ခရိုဝေ့ဖ်စခန်းမှ စက်မှုကျွမ်းကျင်(၃) ဦးမြင့်ဇော်ဦးအား ဖမ်းဆီးထားခြင်း၊ ဇူလိုင် ၁၇/၁၈ ရက်နေ့များမှာ ဒေ့ါဖုန်းယန်မြို့နယ်ခွဲ ခရာ/မဒီးယန် ကျေးရွာတစ်ဝိုက်မှာ အင်အားသုံးတိုက်ခိုက်ပြီး တပ်မတော်အရာရှိ/စစ်သည်များနဲ့ အရပ်သားများအား လိုင်ဇာသို့ ဖမ်းဆီးခေါ်ဆောင်ထားခြင်း၊ ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗန်းမော်သို့ ပြန်လည်ဝင်ရောက်ရန် ချီတက်လာသော စစ်ကြောင်းအား စီခမ်းကြီးဒေသတွင် စောင့်ကြိုတိုက်ခိုက်ခြင်းများ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့အနေနဲ့ ဇူလိုင်လ ၂၀ ရက်နေ့မှာ ငြိမ်းချမ်းရေးဆိုင်ရာ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆဲ ကာလအတွင်း KIO / KIA အဖွဲ့အနေနဲ့ ဂုဏ်သိက္ခာရှိစွာဖြင့် ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်များအပေါ် ထိခိုက်ပျက်ပြားစေနိုင်တဲ့၊ နှောင့်ယှက်ဟန့်တားမှုဖြစ်စေနိုင်တဲ့ လုပ်ဆောင်မှုများကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နဲ့ ဖမ်းဆီးထားသော တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများအား ပြန်လည်စေလွှတ်ပေးသွားရန် KIO / KIA အဖွဲ့ကို အကြောင်းကြားစာပေးပို့ခဲ့ပါတယ်။

ဇူလိုင်လ ၂၂ ရက်နေ့မှာတော့ ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့အနေနဲ့ KIO အဖွဲ့က အဆိုပြုတဲ့ အပစ်အခတ်ရပ်ဆိုင်းရေး သဘောတူညီချက်(စာကြမ်း)အပေါ် တုံ့ပြန်အဆိုပြုတဲ့ ပစ်ခတ်တိုက်ခိုက်မှုများ ယာယီရပ်ဆိုင်းရေး သဘောတူညီချက်(မူကြမ်း)ကို ပြန်လည်ပေးပို့ခဲ့ပါတယ်။ အဲဒီမူကြမ်းပါ အဆိုပြုချက်များကတော့ -

(၁) ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် လက်ရှိပစ်ခတ်တိုက်ခိုက်မှုများကို ယာယီရပ်ဆိုင်းထားရန်။

(၂) ပစ်ခတ်မှုများ ယာယီရပ်ဆိုင်းမှုမှသည် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဆက်လက်၍ နှစ်ဖက်တွေ့ဆုံဆွေးနွေးရန်။

(၃) နှစ်ဖက်လက်မှတ်ရေးထိုးပြီးသည်နှင့် ဤသဘောတူညီချက်သည် အသက်ဝင်အတည်ဖြစ်သည်။ နှစ်ဖက်လုံးက လက်အောက်တပ်ဖွဲ့များသို့ ချက်ချင်း (၂၄နာရီအတွင်း)အကြောင်းကြား လိုက်နာစေရမည်။

13-8 (05).pmd 1 8/13/2011, 4:51 AM

စာမျက်နှာ ၅ မှ

(၂) ပစ်ခတ်မှုများ ယာယီရပ်ဆိုင်းမှုမှသည် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး(ထာဝရငြိမ်းချမ်းရေး) တည်ဆောက်နိုင်ရန်အတွက် ဆက်လက်၍ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ(နိုင်ငံရေး)ဆောင်ရွက်သွားရန်။

(၃) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်ဆိုင်းပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်။

(၄) နှစ်ဖက်လက်မှတ်ရေးထိုးပြီးသည်နှင့် ဤသဘောတူညီချက်သည် အသက်ဝင် အတည်ဖြစ်သည်။ နှစ်ဖက်လုံးက လက်အောက်တပ်ဖွဲ့များသို့ ချက်ချင်း (၄၈ နာရီအတွင်း) အကြောင်းကြားလိုက်နာစေရမည်။

(၅) နှစ်ဖက်တပ်ဖွဲ့များအကြား ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရမည်။

(၆) နှစ်ဖက်တပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် တပ်လှုပ်ရှားမှုများကို ရပ်ဆိုင်းထားရမည်ဆိုတဲ့ အဓိကအချက်များအပါအဝင် (၉)ချက် ဖြစ်ပါတယ်။ ၎င်းအဆိုပြုချက်များကိုလည်း နောက်ရှိ Board မှာ လေ့လာနိုင်ပါတယ်။

အထက်ပါ KIO ညှိနှိုင်းရေးအဖွဲ့ရဲ့ အဆိုပြုချက်အပေါ် ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့က ဇူလိုင်လ ၂၅ ရက်နေ့မှာပဲ ပြန်ကြားခဲ့ပါတယ်။ အဲဒီပြန်ကြားချက်မှာ KIO ညှိနှိုင်းရေးအဖွဲ့ရဲ့ အထက်ပါအဆိုပြုချက် (၁) (၂) (၄) (၅) တို့ကို သဘောတူကြောင်း၊ အမှတ်(၃)အချက်ကို "ဤသဘောတူညီချက်မှသည် နိုင်ငံအတွင်းရှိ ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေးများတည်ဆောက်နိုင်ရန်"ဟု ပြင်ဆင်လိုကြောင်းနှင့် အလားတူ အမှတ်(၆)အချက်ကိုလည်း "နှစ်ဖက်တပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် သက်ဆိုင်သော တပ်လှုပ်ရှားမှုများကို ရပ်ဆိုင်းထားရမည်"ဟု ပြင်ဆင်လိုကြောင်း စသည်ဖြင့် ပါရှိခဲ့ပါတယ်။

တစ်ဖန် KIO ညှိနှိုင်းရေးအဖွဲ့က ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့ရဲ့ အထက်ပါ အဆိုပြုချက်အပေါ် ဇူလိုင် ၂၆ ရက်နေ့မှာပင် ပြန်ကြားခဲ့ပါတယ်။ အဲဒီပြန်ကြားချက်မှာ သဘောတူညီချက်ခေါင်းစဉ်အား "ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက်အစား နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက်"ဟု ပြင်ဆင်လိုကြောင်း၊ အထက်ပါ အမှတ်(၃)အဆိုပြုချက်အား "နိုင်ငံအတွင်းရှိ ပစ်ခတ်တိုက်ခိုက်မှုများအားလုံး ရပ်ဆိုင်းပြီး စစ်မှန်သော ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်"ဟု ပြင်ဆင်လိုကြောင်း၊ အမှတ်(၆) အဆိုပြုချက်ကိုလည်း "နှစ်ဖက်တပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများနှင့် တပ်လှုပ်ရှားမှုများကို ရပ်ဆိုင်းထားရမည်၊ အခြားကိစ္စများကြောင့် တပ်များသွားလာရန်လိုအပ်ပါက နှစ်ဖက်ကြိုတင်ညှိနှိုင်း၍ ဆောင်ရွက်သွားမည်"ဟု ပြင်ဆင်လိုကြောင်း ပါရှိပါတယ်။

ခန်းမအတွင်းခင်းကျင်းပြသထားသော မှတ်တမ်းအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

အထက်ပါ KIO ညှိနှိုင်းရေးအဖွဲ့၏ ပြင်ဆင်အဆိုပြုချက်အပေါ် ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့က ဇူလိုင် ၂၆ ရက်နေ့မှာပင် ပြန်ကြားခဲ့ပါတယ်။ အဲဒီပြန်ကြားချက်မှာ အမှတ်စဉ် (၆)အဆိုပြုချက်ကို "နှစ်ဖက်တပ်ဖွဲ့များ၏ စစ်ဆင်ရေးလှုပ်ရှားမှုများကို ရပ်ဆိုင်းထားရမည်၊ အခြားကိစ္စရပ်များကြောင့် တပ်များသွားလာရန်လိုအပ်ပါက နှစ်ဖက်ကြိုတင်ညှိနှိုင်း၍ဆောင်ရွက်ရမည်"ဟု ပြင်ဆင်လိုကြောင်း၊ ပြင်ဆင်မှုမှာ KIO အဖွဲ့က အဆိုပြုသည့် စာသားတွင် (နှင့်တပ်လှုပ်ရှားမှုများ)စာသားကို ချန်လှပ်ထားခြင်းသာဖြစ်ကြောင်း၊ ကျန်အချက်များသဘောတူပါကြောင်း ပါရှိပါတယ်။

ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့အနေနဲ့ ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးရရှိရန်အတွက် ရည်ရွယ်ပြီး KIO အဖွဲ့၏ ပြန်လည်အဆိုပြုချက်ပါ အချက်များအနက် (နှင့်တပ်လှုပ်ရှားမှုများ) ဆိုသည့် စာသားတစ်ခုကိုသာ မူလဆိုလိုချက်ကို မထိခိုက်စေဘဲ ပြင်ဆင်ရန်အဆိုပြုခဲ့ပြီး အချက်အားလုံးကို လိုက်လျောသဘောတူခဲ့ခြင်းဖြစ်ပါတယ်။ ထို့ပြင် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့အပြင် ပါဝင်တက်ရောက်မည့် တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့ဝင်များ၊ လူမျိုးစုအလိုက် စာပေနှင့်ယဉ်ကျေးမှုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ စုစုပေါင်း (၅၉)ဦး၏ အမည်စာရင်းကိုလည်း ပေးပို့ခဲ့ပါတယ်။ ထိုသတင်းကြောင့် ကချင်ပြည်နယ်သူ ပြည်နယ်သားများ၊ ရပ်မိရပ်ဖများမှာလည်း ငြိမ်းချမ်းရေး ပြန်လည်ရရှိတော့မည်ဟု မျှော်လင့်ပြီး ဝမ်းသာအားရဖြစ်ခဲ့ကြပါတယ်။

သို့သော် အထက်ပါ ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ရဲ့ ပြန်ကြားစာအပေါ် KIO ညှိနှိုင်းရေးအဖွဲ့က ဇူလိုင် ၂၈ ရက်နေ့မှာ ပြန်ကြားခဲ့ပါတယ်။ အဲဒီပြန်ကြားချက်စာတွင် ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့ရဲ့ ဇူလိုင် ၂၆ ရက်စွဲပါ ပြန်ကြားအဆိုပြုချက်အားလုံးကို သဘောတူပါကြောင်း၊ ၎င်းနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက်ကို အတည်ပြုလက်မှတ်ရေးထိုးရမည်ဆိုပါက ၎င်းသဘောတူညီချက်အပေါ် "အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်" အား အတည်ပြု လက်မှတ်ရေးထိုးရန် လိုအပ်ပါကြောင်း၊ ၎င်း "နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက်အပေါ် နားလည်အဓိပ္ပာယ် ဖွင့်ဆိုချက်"ကို ပူးတွဲပေးပို့ပါကြောင်း ဟူ၍ ပြန်ကြားခဲ့ပါတယ်။ ၎င်း "နားလည်အဓိပ္ပာယ်ဖွင့်ဆိုချက်"ဆိုသည်တွင် အောက်ပါအချက် (၄)ချက် ဖော်ပြပါရှိပါတယ် -

(၁) ဤနှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေး သဘောတူညီချက်သည် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်မှ စတင်၍ ဖြစ်ပွားနေသော မြန်မာ့တပ်မတော်နှင့် KIA တို့၏ တိုက်ပွဲများကို ရပ်ဆိုင်းထားရန်ဖြစ်သည်။

(၂) ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားခြင်းကို ငြိမ်းချမ်းရေးရသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုနိုင်ပါ၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိနိုင်ရန်မှာ တိုင်းရင်းသားများအားလုံး ရသင့်ရထိုက်သော အခွင့်အရေးနှင့် ရပိုင်ခွင့်များရရှိရန် လိုအပ်ပါသည်။

(၃) နှစ်ဖက်လက်မှတ်ရေးထိုးပြီးသည်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း KIA တပ်နှင့် ရင်ဆိုင်နေသော မြန်မာ့တပ်မတော်မှ တပ်များအားလုံးထံသို့ (၄၈)နာရီအတွင်း ညွှန်ကြားကာ လိုက်နာစေရမည်ဖြစ်သည်။

(၄) နိုင်ငံအတွင်းရှိ ပစ်ခတ်တိုက်ခိုက်မှုများအားလုံးရပ်ဆိုင်းပြီး ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်မည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု အစီအစဉ်များကို နိုင်ငံတော်အစိုးရမှ ရက်ပေါင်း (၁၅)ရက်အတွင်း ကြေညာချက်ထုတ်ပြန်ပေးရန်လိုအပ်ပါသည် စသည့်အချက်များဖြစ်ပါတယ်။

အဲဒီအခြေအနေကိုကြည့်ပါက KIO သည် နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းရေးသဘောတူညီချက်များကို အပြန်အလှန် အကြိမ်ကြိမ်ညှိနှိုင်းပြီး အားလုံးသဘောတူကြ၍ လက်မှတ်ရေးထိုးမည့်အဆင့်ရောက်မှ အဆိုပြုချက်အသစ်များ၊ တောင်းဆိုချက်အသစ်များ ထပ်မံပြုလုပ်လာတာကို တွေ့မြင်နိုင်ပါတယ်။ ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့(နိုင်ငံတော်)အနေဖြင့်မူ ငြိမ်းချမ်းရေးကို လိုလားတဲ့အတွက် စိတ်ရှည်သဘောထားကြီးစွာဖြင့် အဆင့်ဆင့်လိုက်လျောပေးခဲ့တာများကိုလည်း တွေ့နိုင်ပါတယ်။ KIO ဘက်မှ ဒီလို နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးလိုလားမှုကြောင့် လိုက်လျောမှုများအပေါ် အခွင့်အရေးယူ၊ မရိုးမသားဆောင်ရွက်လာသည့်တိုင် ဩဂုတ်လ ၂ ရက်နေ့မှာ နှစ်ဖက်ဆွေးနွေးမှုများ ထပ်မံပြုလုပ်ခဲ့ပါတယ်။

အဲဒီလို နှစ်ဖက်တွေ့ဆုံဆွေးနွေးရာမှာ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းပြီးနောက်မှ နားလည်အဓိပ္ပာယ်ဖွင့်ဆိုချက် အပိုဒ် (၄)ကို ဆက်လက်ဆွေးနွေးကြရန် သဘောတူညီခဲ့ကြပါတယ်။

သို့သော်လည်း KIO ညှိနှိုင်းရေးအဖွဲ့က ဩဂုတ်လ ၃ ရက်နေ့မှာ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့သို့ စာတစ်စောင် ထပ်မံပေးပို့လာခဲ့ပါတယ်။ အဲဒီစာမှာဖော်ပြထားတာကတော့ "KIO ညှိနှိုင်းရေးအဖွဲ့အနေဖြင့် ယခုအချိန်ထိ ဆွေးနွေးညှိနှိုင်းခဲ့မှုများ၊ မေးခွန်းနှင့် ရရှိသောအဖြေများ၊ မှတ်တမ်းများအား စုစည်း၍ KIO ဗဟိုကော်မတီသို့ ပြည့်စုံစွာ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ KIO ဗဟိုကော်မတီမှလည်း ညှိနှိုင်းရေးအဖွဲ့၏ တင်ပြမှုအား ဆွေးနွေးသုံးသပ်ပြီး ပြန်လည်အကြောင်းပြန်ကြားမည်ဖြစ်ကြောင်း"ဟူ၍ ပါရှိပါတယ်။

တကယ်တော့ အဖွဲ့အစည်းနှစ်ခုကြား ဆွေးနွေးမှုများပြုလုပ်ကြတဲ့အခါမှာ သက်ဆိုင်ရာအဖွဲ့အစည်းက မိမိတို့ကိုကိုယ်စားပြုမယ့်အဖွဲ့တွေကို လုပ်ပိုင်ခွင့် Mandate များပေးအပ်ရစမြဲဖြစ်ပါတယ်။ သက်ဆိုင်ရာကိုယ်စားလှယ်အဖွဲ့ကလည်း မိမိအဖွဲ့အစည်းရဲ့ အကြီးအကဲများထံကို ဆွေးနွေးမှုအခြေအနေကို ပြန်လည်တင်ပြပြီး အကြီးအကဲများထံမှ ရှေ့ဆက်ဆောင်ရွက်ရမယ့် လမ်းညွှန်မှုများကို ရယူရပါတယ်။ ဒါဟာ နိုင်ငံတကာမှာ ကျင့်သုံးလေ့ ကျင့်သုံးထရှိတဲ့ နည်းလမ်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သမ္မတကြီးကိုယ်တိုင်က ကချင်ပြည်နယ်အစိုးရ၏ ပြည်နယ်တည်ငြိမ်အေးချမ်းရေးအတွက် လုပ်ဆောင်ချက်တွေကို အချိန်နဲ့တစ်ပြေးညီသိရှိစေပြီး လိုအပ်တဲ့လမ်းညွှန်မှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ KIA ကိုယ်စားလှယ်အဖွဲ့အနေနဲ့လည်း KIO ဗဟိုကော်မတီရဲ့ တာဝန်ပေးချက်အရ လာရောက်ဆွေးနွေးတာ ဖြစ်တဲ့အတွက် ဆွေးနွေးမှုအခြေအနေတွေကို ဗဟိုကော်မတီက သိရှိပြီးဖြစ်မှာဖြစ်ပါတယ်။

ဒါပေမယ့် အခုလိုနောက်ဆုံးအချိန်ကျမှ တောင်းဆိုချက်အသစ်များ ထပ်မံတင်ပြလာခြင်း၊ KIA ဗဟိုကော်မတီသို့တင်ပြပြီး ဗဟိုကော်မတီမှ ပြန်လည်ဆွေးနွေးမည်ဟု ပြောကြားလာခြင်းတို့ကြောင့် KIO အဖွဲ့ရဲ့ ငြိမ်းချမ်းရေးလိုလားမှုအပေါ် မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ရပါတယ်။ တစ်ဖက်ကလည်း နှစ်ဖက်ကြားတွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်နေစဉ် ဩဂုတ်လ ၂ ရက်နေ့မှာ တာပိန်ရေအားလျှပ်စစ်စက်ရုံမှပြန်လာတဲ့ မော်တော်ယာဉ်တစ်စီးကို KIA တပ်ဖွဲ့များက ပစ်ခတ်တိုက်ခိုက်ခဲ့တဲ့အတွက် အပြစ်မဲ့ဝန်ထမ်း (၁)ဦးနဲ့ ပြည်သူ (၆)ဦးသေဆုံးပြီး (၁)ဦးဒဏ်ရာ ရရှိခဲ့ပါတယ်။

ဒါကြောင့် ပြည်နယ်တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့က ဩဂုတ်လ ၄ ရက်နေ့ရက်စွဲနဲ့ ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် မြန်မာ့တပ်မတော်အနေနဲ့ ဇွန်လ ၁၈ ရက်နေ့ကစပြီး ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲထားရန် ကွပ်ကဲမှုအောက် တပ်ရင်း၊ စစ်ကြောင်း၊ တပ်ခွဲများကို ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သို့သော် KIA အနေဖြင့် တပ်မတော်ဘက်မှ တစ်ဖက်သတ်အပစ်အခတ်ရပ်ဆိုင်းထားမှုကို အခွင့်ကောင်းယူပြီး မိုင်းထောင်ဖောက်ခွဲခြင်း၊ လုယက်ငွေတောင်းခံခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်မှုများကို ပြုလုပ်နေခြင်းမှာမသင့်လျော်ကြောင်း၊ ဆွေးနွေးပွဲကာလအတွင်း တာပိန်ရေအားလျှပ်စစ်စက်ရုံမှပြန်လာသည့် အပြစ်မဲ့အရပ်သားများကို တိုက်ခိုက်သတ်ဖြတ်ခဲ့မှုအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း စာရေးသားပေးပို့ခဲ့ပါတယ်။

ဒါ့အပြင် ကချင်ပြည်နယ်ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အနေဖြင့် သဘောထားကြီးစွာနှင့် စိတ်ရှည်သည်းခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် KIO အဖွဲ့၏ ငြိမ်းချမ်းရေးဆိုင်ရာ တင်ပြချက်များကို အစွမ်းကုန်လိုက်လျောပြီးဖြစ်သည့်အတွက် KIO အနေဖြင့် စစ်မှန်သောငြိမ်းချမ်းရေးကို လိုလားမှုရှိ /မရှိ မိမိကိုယ်မိမိ ဆန်းစစ်ရန်လိုအပ်နေပြီဖြစ်ကြောင်း ဖော်ပြထားခဲ့ပါတယ်။

အပစ်အခတ်ရပ်စဲရေးအတွက် ဒီလိုနှစ်ဖက်ညှိနှိုင်းနေဆဲကာလ ဇူလိုင် ၁ ရက်ကနေ ဩဂုတ်လ ၈ ရက်နေ့အတွင်းမှာ KIO / KIA အဖွဲ့အနေနဲ့ ဖောက်ခွဲဖျက်ဆီးမှု (၂၈)ကြိမ် ပြုလုပ်ခဲ့ပြီး သံပေါင်ဘေလီ တံတား (၄)စင်း၊ သံကူကွန်ကရစ်တံတား (၃)စင်း၊ ကွန်ကရစ်တံတား (၇)စင်း၊ သစ်သားတံတား (၉)စင်း၊ လူကူးကြိုးတံတား (၃)စင်း၊ မီးရထားသံလမ်းတံတား (၁)စင်း စုစုပေါင်း တံတား (၂၇)စင်းနှင့် မီးရထား သံလမ်း (၁)ခု၊ ထရန်စဖော်မာ (၁)ခုကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ပါတယ်။ ဖျက်ဆီးခဲ့တဲ့တံတားများအနက်က တံတား (၁၅)စင်းဟာ ယာဉ်သွားလာလို့မရတော့လောက်အောင် ပျက်စီးခဲ့ပါတယ်။ ဒါ့အပြင် မိမိလုံခြုံရေးအဖွဲ့နဲ့ တွေ့ဆုံပစ်ခတ်မှု (၃၅)ကြိမ်၊ မိမိလုံခြုံရေးအဖွဲ့အား နှောင့်ယှက်ပစ်ခတ်မှု (၄၉)ကြိမ်၊ မိုင်းဆွဲတိုက်ခိုက်မှု (၇)ကြိမ်နဲ့ မိုင်းထောင်တိုက်ခိုက်မှု အကြိမ်(၃၀) လုပ်ဆောင်ခဲ့ရာ အဲဒီတိုက်ခိုက်မှုတွေကြောင့် အပြစ်မဲ့ပြည်သူ (၁၄)ဦးသေဆုံး၊ (၂၂)ဦးဒဏ်ရာရရှိခဲ့ပြီး (၁၂၀)ဦး ဖမ်းဆီးခံခဲ့ရတာကို တွေ့ရှိရပါတယ်။

KIO / KIA အဖွဲ့၏ နိုင်ငံရေးအရ ဝါဒဖြန့်ထိုးနှက်မှုများ

အဲဒီလို နှစ်ဖက်ညှိနှိုင်းနေချိန်မှာပဲ KIO / KIA အဖွဲ့အနေနဲ့ ဇူလိုင်လ ၁၂၊ ၁၃ ရက်နေ့များတွင် လိုင်ဇာမှာ လူထုဆန္ဒခံယူပွဲပြုလုပ်ပြီး မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုတွေ ပြုလုပ်ပြီး ပြည်ပနိုင်ငံတွေကို အကူအညီတောင်းခံမှုတွေလည်း ပြုလုပ်ခဲ့ပါတယ်။ ထို့အတူ KIO အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာအမည်နဲ့ ဇူလိုင် ၁၇ ရက်နေ့မှာ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းထံ လိပ်မူပြီး ကချင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော်ရဲ့ ထိုးစစ်ဆင်မှုများကို ရပ်ဆိုင်းပေးဖို့ တောင်းပန်တဲ့စာဆိုတာကို အင်တာနက်မှာ တွေ့ရပါတယ်။ အဲဒီစာမှာ -

(၁) မြန်မာ့တပ်မတော်သည် ကချင်လူမျိုးများနေထိုင်ကြသည့် ဒေသတွင်းသို့ စစ်ဆင်တိုက်ခိုက်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုနှင့် လူသားများအပေါ် ရာဇဝတ်ကျူးလွန်ခြင်းများ ပြုလုပ်နေကြောင်း။

(၂) ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် သော်လည်းကောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် မြန်မာပြည်တွင်းတည်ငြိမ်ရေး အတွက်သော်လည်းကောင်း ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ လူမျိုးစုများ၏ တန်းတူရေးနှင့် လူ့အခွင့်အရေး ပါဝင်သည့် အခြေခံပြဿနာများကိုလည်း ဖြေရှင်းနိုင်ခြင်းမရှိကြောင်း၊ လူမျိုးစုများ၏ အခွင့်အရေး (သို့) ကာကွယ်ရေးအတွက်မဟုတ်ဘဲ စစ်အစိုးရ၏ အုပ်စိုးမှုအား ဆက်လက်ရပ်တည် ရှင်သန်ရေးအတွက်သာဖြစ်ကြောင်းနှင့် ဤရွေးကောက်ပွဲသည် မြန်မာနိုင်ငံရှိအမျိုးသားလူနည်းစုအတွက် ဆိုးရွားသည့် ခြိမ်းခြောက်မှုသာဖြစ်ကြောင်း။

(၃) ရွေးကောက်ပွဲ ပြီးသည့်နောက်တွင် ကရင်ပြည်နယ်ရှိ ငြိမ်းချမ်းရေး အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ချိုးဖောက်ခဲ့ပြီး ကချင်ပြည်နယ်တွင်လည်း အပစ်အခတ်ရပ်စဲရေးစာချုပ်ပါ သဘောတူညီချက်များအား ချိုးဖောက်ပြီး တိုက်ပွဲများအဖြစ်ဖန်တီးကာ ပြည်တွင်းစစ်ကို အသက်သွင်းနေကြောင်း။

(၄) ယခုအခါ တိုင်းရင်းသားဒေသများ၌ စစ်အင်အားတိုးချဲ့၍ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာပြီး ဆိုးရွားသောပဋိပက္ခများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားအကျပ်အတည်းများ ပိုမိုဖြစ်ပွားလာကြောင်း။

(၅) စစ်ပွဲများကြောင့် ကချင်ပြည်နယ်ရှိ ကျေးရွာလူထုသည် စစ်ပြေးဒုက္ခသည်များအဖြစ်သို့ ရောက်ရှိနေကြရပြီး ကချင်စစ်ပြေးဒုက္ခသည်များအား လက်မခံ၍ ကချင်တိုင်းရင်းသားများသည် ခိုကိုးရာမဲ့ဖြစ်နေကြောင်း။

(၆) စစ်ပွဲအတွင်း အစားအစာ၊ ကျန်းမာရေး၊ နေထိုင်ရေး ဒုက္ခများစွာ ရင်ဆိုင်နေရ၍ အရပ်သားတစ်သောင်းကျော်သည် အလွန်ဆင်းရဲဒုက္ခရောက်နေရကြောင်း။

(၇) ထိုအရပ်သားများခံစားနေရသည့် နစ်နာမှုများမှာ အဓမ္မစေခိုင်းခြင်း၊ လုယက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အိုးအိမ်/ကျေးရွာများနှင့် စပါးသီးနှံများ ဖျက်ဆီးခံရခြင်း၊ အဓမ္မရွှေ့ပြောင်းခံရခြင်း၊ တရားမဲ့ အသတ်ခံရခြင်းအပြင် အမျိုးသမီးများနှင့် ကလေးများ ဒုက္ခရောက်ရှိနေကြောင်းနှင့် စစ်ပွဲများအတွင်း ကချင်တိုင်းရင်းသူများအား စနစ်တကျ မတရားပြုကျင့်ခံနေရကြောင်း။

(၈) မြန်မာအစိုးရသည် ပြဿနာများအားဖြေရှင်းသည့် နိုင်ငံရေးဆွေးနွေးပွဲမျိုးပြုလုပ်မည့် လက္ခဏာမတွေ့ရကြောင်း။

(၉) ထို့ကြောင့် အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မိမိ၏ အခွင့်အာဏာအား အသုံးပြုပြီး ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်းကာ မြန်မာပြည်အတွက် လုံခြုံမှုရှိသည့် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ် ရပ်စဲရေးမှတစ်ဆင့် အဓိပ္ပာယ် ပြည့်ဝသော ဆွေးနွေးပွဲမှ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း စတဲ့အချက်များ ပါရှိပါတယ်။

ဒီစာနဲ့ပတ်သက်ပြီး လိုင်ဇာရှိ KIO ခေါင်းဆောင်များကတော့ သူတို့နဲ့မတိုင်ပင်ဘဲ၊ သူတို့သဘော တူညီချက်မပါဘဲ ထိုင်းနိုင်ငံနယ်စပ်မှာ အခြေပြုနေတဲ့ ဒေါက်တာလဂျာနဲ့အဖွဲ့က ပေးပို့ခဲ့ခြင်းသာဖြစ်တယ်လို့ဆိုပါတယ်။ မည်သို့ပင်ဖြစ်စေ ဒီစာဟာ အမှန်တော့ KIO / KIA အဖွဲ့အနေနဲ့ ကိုယ့်ရဲ့ချို့ယွင်းအားနည်းချက်အမှားကို ဖုံးကွယ်နိုင်ဖို့ ဆင်သေကို ဆိတ်ရေနဲ့ဖုံးဖို့ ကြိုးစားနေတဲ့ လုပ်ဇာတ်သာဖြစ်ပါတယ်။ တကယ်တော့တိုက်ပွဲများ စတင်ဖြစ်ပွားချိန်ကစပြီး ၈-၈-၂၀၁၁ ရက်နေ့အထိ KIA ရဲ့ မိုင်းထောင်ဖောက်ခွဲ ပစ်ခတ်မီးရှို့တိုက်ခိုက်မှုများကြောင့် နိုင်ငံပိုင်တံတား (၈၄)စင်း ဖျက်ဆီးခံခဲ့ရပြီး အဲဒီအထဲမှာ မီးရထားလမ်းတံတား (၄)စင်း ပါဝင်ခဲ့ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

13-8 (06).pmd 1 8/13/2011, 4:51 AM

စာမျက်နှာ ၆ မှ

သို့သော် ပြည်သူများသွားလာမှု အခက်အခဲမဖြစ်စေရေးအတွက် နိုင်ငံတော်အပိုင်းက ချက်ချင်း ပြုပြင်ဆောင်ရွက်ပေးခဲ့ရပါတယ်။ ဒ့ါအပြင် ယာဉ် (၃)စီးကို ဖောက်ခွဲမီးရှို့ဖျက်ဆီးကာ ယာဉ် (၃)စီးကို အဓမ္မယူဆောင်သွားခဲ့ပါတယ်။ သူတို့ရဲ့ မိုင်းထောင်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူ (၁၇)ဦးသေဆုံးခဲ့ရပြီး (၂၆)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ (၁၆၆)ဦး ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရပါတယ်။ KIO / KIA အဖွဲ့ရဲ့ ဒီလိုအဖျက်လုပ်ရပ်တွေကြောင့် နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို အများကြီးထိခိုက်နစ်နာစေခဲ့တဲ့အပြင် ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး လမ်းပန်းဆက်သွယ်မှုမှာလည်း ကြီးမားစွာ ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ပါတယ်။ ဒါတွေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ၊ စာရင်းဇယားတွေ၊ ကိန်းဂဏန်းအချက်အလက်တွေကို နောက်မှာ အသေးစိတ်လေ့လာ ကြည့်ရှုနိုင်အောင် Board များနဲ့ ပြသထားပါတယ်။

ခန်းမအတွင်း ခင်းကျင်းပြသထားသော မှတ်တမ်းအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



ဒေသခံပြည်သူများကို စစ်ပြေးဒုက္ခသည်အဖြစ် KIO / KIA အဖွဲ့က အသုံးချလုပ်ကြံဝါဒဖြန့်မှုများ

ဒီလိုအခြေအနေတွေကြောင့် ဒေသခံပြည်သူများဟာ မိမိတို့လုံခြုံရေးအတွက် ရပ်ရွာဒေသကိုစွန့်ခွာပြီး မြို့များသို့ တိမ်းရှောင်ထွက်ပြေးလာခဲ့ကြရပါတယ်။ အဲဒီလိုလာခဲ့ကြတဲ့ မိသားစုများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးတာဝန်ရှိသူများက မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်၊ ဖားကန့်မြို့နယ်များမှာ စခန်းပေါင်း (၁၃)ခုဖွင့်လှစ်ပြီး အိမ်ထောင်စု (၄၆၆)စုက လူဦးရေပေါင်း (၁၈၀၃)ဦးကို လက်ခံကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ပြည်နယ်အစိုးရအဖွဲ့၊ ကယ်ဆယ်ရေးနဲ့ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများနဲ့ နိုင်ငံရေးပါတီများက အဲဒီ တိမ်းရှောင်မိသားစုများအတွက် စားနပ်ရိက္ခာ၊ ဆန်၊ ဆီ၊ အဝတ်အထည်၊ လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးခဲ့ရပါတယ်။

သို့သော် KIO / KIA အဖွဲ့အနေနဲ့ ရိုးသားပြီး မသိနားမလည်တဲ့ ဒေသခံပြည်သူများကို အတင်းအကျပ် ခြိမ်းခြောက်ခေါ်ဆောင်လာပြီး စစ်ပြေးဒုက္ခသည်များအဖြစ် ဖန်တီးကာ နိုင်ငံတကာကို မီဒီယာနည်းဖြင့် လုပ်ကြံဝါဒဖြန့်လျက် ငွေကြေး၊ ရိက္ခာထောက်ပံ့ကြေးများ တောင်းခံဖို့ ကြိုးစားခဲ့တာကို တွေ့ရှိရပါတယ်။ တစ်ဖက်ကလည်း သူတို့ဌာနချုပ်ရှိရာ လိုင်ဇာမှာ စစ်ပြေးဒုက္ခသည်စခန်းဖွင့်လှစ်ပြီး ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် ဓားစာခံထားရှိရန် ရည်ရွယ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အဖြစ်မှန်ကို တင်ပြရရင် လိုင်ဇာမှာ လူ (၄၀၀၀)ခန့်ရှိနေပြီး ၇၀ ရာခိုင်နှုန်းဟာ KIO/KIA တပ်ဖွဲ့ဝင်များရဲ့ မိသားစုများနဲ့ နယ်မြေခံ KIA ပြည်သူ့စစ်အဖွဲ့ဝင်များသာ ဖြစ်ပါတယ်။ ကျန် ၃၀ ရာခိုင်နှုန်းကတော့ ဒေါ့ဖုန်းယန်မြို့နယ်အတွင်းမှာရှိတဲ့ လဂျားယန်၊ တုန်ဟုန်းယန်၊ မဒီးယန်၊ အူထန်ယန်၊ ဝိုင်းမော်မြို့နယ်အတွင်းမှာရှိတဲ့ နန်ဆန်ယန်၊ တဘတ်ယန်၊ ကဇူး၊ ကန်တော်ယန်၊ ဂါးရားယန်၊ စံပိုင်၊ မလိယန်နဲ့ ခိုင်ပန်ရွာများမှ လက်နက်ကိုင်ခြိမ်းခြောက်ပြီး လိုင်ဇာသို့ အတင်းအကျပ် ပြောင်းရွှေ့စေခိုင်းခံခဲ့ရသူများသာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဒေသခံပြည်သူများရဲ့ အခြေအနေကို တင်ပြရရင် သူတို့အနေနဲ့ ကာလကြာရှည်စွာ တည်ငြိမ်အေးချမ်းမှုအပြည့်အဝဖြင့် နေထိုင်လာခဲ့ကြရာမှ ယခုလို မတည်ငြိမ်မအေးချမ်းတဲ့ ဖြစ်စဉ်များအပေါ် ကြောက်ရွံ့စိတ်၊ စိုးရိမ်ထိတ်လန့်စိတ်များ ဖြစ်ပေါ်နေရတဲ့ဘဝကို လုံးဝလိုလားမှု မရှိတော့ပါဘူး။ တည်ငြိမ်အေးချမ်းမှုရဲ့ အရသာကိုသိရှိပြီး တိုးတက်ဖွံ့ဖြိုးမှုရဲ့ အနှစ်သာရကို နားလည်ပြီးဖြစ်ကြတဲ့အတွက် ယခုလို နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုတွေကနေ ၁၉၈၈ ခုနှစ်မတိုင်မီကာလတုန်းကလို သမိုင်းတစ်ပတ် ပြန်လည်သွားမှာကို လွန်စွာပူပန်စိုးရိမ်လျက်ရှိကြပါတယ်။ အဲဒီလိုစိုးရိမ်ပူပန်မှုကြောင့် ကချင်လူမျိုးများ ရိုးရာယဉ်ကျေးမှုဗဟိုကော်မတီ၊ မြန်မာနိုင်ငံလီဆူးစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ၊ ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုကိုယ်စားလှယ်များ၊ ဗမာတိုင်းရင်းသားကိုယ်စားလှယ်များ၊ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီတို့က ကချင်ပြည်နယ်ထာဝရ ငြိမ်းချမ်းရေးအတွက် ဆန္ဒပြုမေတ္တာရပ်ခံ တောင်းဆိုစာများကို နိုင်ငံတော်သမ္မတကြီးထံ ပေးပို့ခဲ့ကြပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ကချင်ပြည်နယ်မှာ အပစ်အခတ်ရပ်ဆိုင်းပြီး ငြိမ်းချမ်းမှုပြန်လည်ရရှိအောင် စိတ်ရှည်သည်းခံကာ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ အလားတူ KIO/KIA အဖွဲ့နဲ့ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေး ရရှိလာလိမ့်မယ်လို့ မိမိတို့က ယုံကြည်မျှော်လင့်လျက်ရှိပါတယ်။

သို့သော် ကချင်ပြည်နယ်မှာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို နိဂုံးချုပ်ရရင် အပြည့်အဝအောင်မြင်မှု မရရှိနိုင်သေးတာကို တွေ့ရမှာဖြစ်ပါတယ်။ ဇွန်လမှစတင်ပြီး ကချင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့နဲ့ KIO ညှိနှိုင်းရေးအဖွဲ့တို့အကြား တွေ့ဆုံဆွေးနွေးမှု (၃)ကြိမ် ပြုလုပ်ခဲ့ပြီး ဖြစ်သော်လည်း လက်ရှိအခြေအနေမှာ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ညှိနှိုင်းရေးအဖွဲ့က နောက်ဆုံးပေးပို့ခဲ့တဲ့ အကြောင်းကြားစာအပေါ် KIO အဖွဲ့ရဲ့ ပြန်ကြားချက်ကို စောင့်ဆိုင်းနေဆဲ ဖြစ်ပါတယ်။ KIO အဖွဲ့အနေနဲ့ တစ်ဖက်က ကချင်ပြည်နယ်အစိုးရနဲ့ ငြိမ်းချမ်းရေးရရှိအောင် ဆွေးနွေးနေရင်း အခြားတစ်ဖက်ကလည်း KNU, KNPP, NMSP, CNF, NUPA, KIA, SSA (ဝမ်ဟိုင်း)တို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ (CEFU)နဲ့ KIA, CNF, KNO, KNU, KNPP, LDU, NUPA, NMSP, PSLF, PNLO, SSA (ဝမ်ဟိုင်း) နဲ့ UWSA တို့ ပါဝင်ဖွဲ့စည်းထားတဲ့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC)တို့မှာ ပါဝင်ပြီး ဆက်စပ်ပတ်သက်နေတာကို တွေ့ရပါတယ်။ KIA ဥက္ကဋ္ဌ အင်ဘန်လဟာ CEFU မှာလည်း ဥက္ကဋ္ဌအဖြစ် ပူးတွဲတာဝန်ယူထားတာကို တွေ့ရပါတယ်။ ဒါကြောင့် KIO/KIA အဖွဲ့အနေနဲ့ တစ်ဖက်က CEFU နဲ့ UNFC တို့ရဲ့ သဘောထားကိုလည်း ပစ်ပယ်လို့မရတဲ့အနေအထားလို့ သုံးသပ်ရပါတယ်။

အဲဒီ CEFU နဲ့ UNFC အဖွဲ့အစည်းများမှာ နိုင်ငံတော်ကို အစဉ်တစိုက် လက်နက်စွဲကိုင်တိုက်ခိုက်နေတဲ့ သောင်းကျန်းသူအဖွဲ့များပါဝင်သလို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့စည်းမှုကို လက်မခံနိုင်သေးတဲ့ ငြိမ်းချမ်းရေးရယူထားဆဲ အဖွဲ့များလည်း ပါဝင်နေတာကို တွေ့နိုင်ပါတယ်။ ဒ့ါအပြင် အဲဒီအဖွဲ့များနောက်ကွယ်မှာ ပြည်ပအဖွဲ့အစည်းအချို့ ကျောထောက်နောက်ခံပြုပြီး ငွေကြေး၊ နည်းပညာနဲ့ လက်နက်များ ပံ့ပိုးပေးနေတဲ့ သတင်းများလည်း ကျွန်တော်တို့ ရရှိထားပါတယ်။ ဒါကြောင့် KIO/KIA အဖွဲ့အနေနဲ့ အပစ်အခတ်ရပ်ဆိုင်းရေးနဲ့ ငြိမ်းချမ်းရေးကိစ္စကို အပြုသဘောတုံ့ပြန်နိုင်ဖို့ နှောင့်နှေးနေရခြင်းဖြစ်တယ်လို့ သုံးသပ်ယူဆရပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ခိုင်မာသည့်အခြေခံများ ပါဝင်သည့် ၂၀၁၀ ရွေးကောက်ပွဲ

ကျွန်တော်တို့ရဲ့ ၂၀၁၀ ရွေးကောက်ပွဲဟာ ဒီမိုကရေစီအရေးနဲ့ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် ခိုင်မာတဲ့အခြေခံတွေ၊ ပြည့်ဝတဲ့အနက်အဓိပ္ပာယ်တွေ ပါဝင်နေသလို ပြည်ထောင်စု အတွင်းမှာရှိတဲ့ လူမျိုးစုများအားလုံးရဲ့ တန်းတူညီမျှမှုနဲ့ လူ့အခွင့်အရေးဖော်ဆောင်မှုဆိုင်ရာ အခြေခံစံနှုန်းများနဲ့လည်း ညီညွတ်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးရဲ့အစ ဖြစ်ပါတယ်။ နိုင်ငံသားတိုင်း ဥပဒေနဲ့အညီ လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ခံခွင့်၊ မဲပေးခွင့်ရရှိခဲ့ကြပါတယ်။ ဥပဒေနဲ့အညီ လွတ်လပ်စွာ ပါတီဖွဲ့ခွင့်၊ စည်းရုံးဟောပြောခွင့် ရရှိခဲ့ကြပါတယ်။ ဒီကျင့်စဉ်များကတစ်ဆင့် ပိုမိုပြည့်ဝကျယ်ပြန့်ရင့်ကျက်တဲ့ ဒီမိုကရေစီကျင့်စဉ်များကို ရရှိအောင် ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲမှာ တိုင်းရင်းသား ပါတီ (၁၉)ပါတီအပါအဝင် နိုင်ငံရေးပါတီ (၃၇) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (၂၂)ပါတီမှ ကိုယ်စားလှယ်များ ရွေးချယ်ခံခဲ့ကြရပါတယ်။ အဲဒီကိုယ်စားလှယ်များအနက်မှာ ယခင် NDAK အဖွဲ့မှ ဦးစခုန်တိန့်ယိန်းဟာ အမျိုးသားလွှတ်တော်မှာလည်းကောင်း၊ ယခင်ပအိုဝ်းအဖွဲ့မှ ဦးနေဝင်းထွန်းဟာ အမျိုးသားလွှတ်တော်မှာလည်းကောင်း၊ ယခင်ပလောင်အဖွဲ့မှ ဦးအိုက်မုန်းဟာ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်မှာလည်းကောင်း၊ ယခင်ကိုးကန့်အဖွဲ့မှ ဦးပယ်စောက်ချိန်ဟာ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်မှာလည်းကောင်း ရွေးချယ်ခံခဲ့ရပြီး လွှတ်တော်အသီးသီးနဲ့ ဒေသအုပ်ချုပ်ရေးများမှာ ပါဝင်လျက် နိုင်ငံ့အကျိုး၊ ဒေသအကျိုး၊ ပြည်သူ့အကျိုးတို့ကို ထိရောက်စွာ စွမ်းဆောင်သယ်ပိုးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ထို့အတူ တိုင်းရင်းသားပါတီများအပါအဝင် အခြားပါတီများမှ ရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်များဟာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ရေးရာကော်မတီများမှာ လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှာလည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကော်မတီများမှာလည်းကောင်း ညီညွတ်စွာ ပူးပေါင်းလက်တွဲ ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသည့်တိုင် ပြည်နယ်အများစုမှာ သက်ဆိုင်ရာ တိုင်းရင်းသားများကို ပြည်နယ်ဝန်ကြီးချုပ်များအဖြစ် ရွေးချယ်တာဝန်ပေးအပ်ထားတာ တွေ့ရှိရမှာဖြစ်သလို ပြည်နယ်အစိုးရအဖွဲ့တွေမှာလည်း တိုင်းရင်းသား ကိုယ်စားလှယ်တွေ၊ ပါတီအသီးသီးကကိုယ်စားလှယ်တွေ ပါဝင်ခွင့်ရအောင် ဖွဲ့စည်းပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါတွေကိုကြည့်ရင် ဖွဲ့စည်းပုံဥပဒေနဲ့အညီ ဆောင်ရွက်ခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲသည်လည်းကောင်း၊ လွှတ်တော်အဆင့်ဆင့်နဲ့ အစိုးရအဖွဲ့သစ် ဖွဲ့စည်းဆောင်ရွက်မှုများသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများဆိုင်ရာ အခွင့်အရေးများ အပြည့်အဝရရှိမှုနဲ့ တန်းတူရည်တူရှိမှုကို အထင်အရှားပြဆိုလျက်ရှိကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို ရှေးရှုနေတာကိုလည်း တွေ့နိုင်ပါတယ်။

နိုင်ငံရေးတိုးတက်ပြောင်းလဲဖော်ဆောင်မှုများ

ဆက်လက်ပြီး အစိုးရသစ်ဖြစ်ပေါ်လာပြီးနောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ တိုးတက်ပြောင်းလဲဖော်ဆောင်မှု အခြေအနေများကို ရှင်းလင်းသွားမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့သစ်အနေနဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန်အတွက် အခိုင်အမာ ဆုံးဖြတ်ချက်ချထားကြောင်း နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားတဲ့မိန့်ခွန်းနဲ့ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်များသို့ ပြောကြားတဲ့မိန့်ခွန်းများမှာ လေ့လာတွေ့ရှိနိုင်ပါတယ်။ အဲဒီမိန့်ခွန်းများကို သတင်းစာဆရာကြီးများအားလုံး လေ့လာသိရှိထားပြီးဖြစ်ပါတယ်။

သမ္မတကြီးက ပြည်သူများမျှော်လင့်တောင့်တနေတဲ့ ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရ၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တရားဥပဒေစိုးမိုးမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေး၊ သဟဇာတဖြစ်သော လူ့အဖွဲ့အစည်း ဖြစ်ပေါ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစတဲ့ ကိစ္စရပ်များနဲ့ပတ်သက်ပြီး အစိုးရအဖွဲ့သစ်က လုပ်ဆောင်သွားမယ့် လုပ်ငန်းစဉ်များကို ထုတ်ဖော်ပြောကြားသွားသကဲ့သို့ အဲဒီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာ ဝန်ကြီးဌာနများ၊ နိုင်ငံ့ဝန်ထမ်းများက လိုက်နာဆောင်ရွက်ရမယ့် အချက်များကိုလည်း ပြောဆိုသွားခဲ့ပြီး ဖြစ်ပါတယ်။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီးက အစိုးရအဖွဲ့သစ်အပေါ် သံသယရှိနေသူများ၊ အခြေခံဥပဒေကို လက်မခံလိုကြသေးသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများ ရှိနေကြဆဲဖြစ်ကြောင်းကို အသိအမှတ်ပြုပြီး အဲဒီလူပုဂ္ဂိုလ် အဖွဲ့အစည်းများ အနေနဲ့ ၎င်းတို့ရဲ့သံသယများ ပယ်ဖျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်လက်တွဲလာအောင် မိမိတို့ဘက်က မှန်ကန်တဲ့စေတနာကို ပြသရန်လိုကြောင်း ပြောကြားခဲ့ပါတယ်။ အလားတူ နိုင်ငံနဲ့ပြည်သူရဲ့အကျိုးစီးပွားကို လိုလားသူတိုင်း အခြေခံဥပဒေဘောင်အတွင်းမှသာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်ကြရန်နဲ့ နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံဥပဒေဘောင်အတွင်းမှ လုပ်ဆောင်မှုအားလုံးကို ကြိုဆိုမှာဖြစ်ကြောင်း ပြောကြားခဲ့တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံလိုကြသေးတဲ့ ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများ အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက အခြေခံဥပဒေ အခန်း(၁၂)ပါ လုပ်ထုံးလုပ်နည်းများနဲ့အညီ ပြင်ဆင်နိုင်ရေးအတွက် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာရယူရန် တိုက်တွန်းမှာကြားခဲ့သည်ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်ဘဲ ဆက်လက်ပြီး လက်နက်စွဲကိုင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရရှိထားပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးကို ပယ်ဖျက်ပြီး လက်နက်ကိုင်တိုက်ပွဲများ၊ ဗုံးခွဲတိုက်ခိုက်မှုများကို ကျူးလွန်နေတဲ့ တိုင်းရင်းသားအဖွဲ့များကိုလည်း နိုင်ငံတော်အပိုင်းက ငြိမ်းချမ်းရေးတံခါး ဖွင့်ထားဆဲဖြစ်ကြောင်းပြောကြားပြီး အစိုးရအဖွဲ့သစ်ရဲ့ သဘောထားကြီးမှုနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအပေါ် အလေးအနက်ထား လိုလားမှုကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒီလိုအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုတဲ့သဘောထားနဲ့ လက်တွေ့လုပ်ဆောင်မှုများဟာ တကယ်တမ်းပြောရရင် နိုင်ငံရေးမျက်နှာစာမှာ သိသာထင်ရှားတဲ့ တိုးတက်မှုများပဲဖြစ်ပါတယ်။

ဥပဒေပြုရေးအပိုင်းမှာလည်း ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအဆင့်များမှာ ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့် ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါတယ်။ *စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

13-8 (07).pmd 1 8/13/2011, 4:51 AM

အခြေခံဥပဒေဘောင်အတွင်းက ဆောင်ရွက်လာတာမှန်သမျှကို လက်ကမ်းကြိုဆိုမယ်လို့ ပြောထားပြီးဖြစ်

နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးကို လိုလားတယ်၊ ရရှိထားတဲ့တည်ငြိမ်အေးချမ်းမှုနဲ့ စည်းလုံးညီညွတ်မှုကို မပျက်စေလို

ကိုယ့်တိုင်းပြည်အတွက် ကောင်းစေလိုတဲ့စေတနာအရင်းခံနဲ့ ချင့်ချင့်ချိန်ချိန် ညှိညှိနှိုင်းနှိုင်းလေ့လာပြီး လုပ်ဆောင်သွားမှာဖြစ်

မေးမြန်းချက်များ ဖြေကြား

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်များကို ဖြေကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၁)တွင် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းဖြေကြားချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

မေး – ဦးအောင်လှထွန်း (ရိုက်တာသတင်းဌာန)

အခုလို ကျွန်တော်တို့ကို ဖိတ်ကြားတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်။ နောက်ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်းကိုလည်း ကြိုဆိုပါတယ်။ မီဒီယာသမားအားလုံးကိုယ်စား ကျွန်တော် မေတ္တာရပ်ခံချင်တာက မီဒီယာတွေအကြားမှာ ဆက်သွယ်ဆက်ဆံဆောင်ရွက်မှု ပိုပြီးမြန်ဆန်သွက်လက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ရင် ဌာနဆိုင်ရာတစ်ခုမှာ Contact Person တစ်ယောက်စီ ထားပေးစေလိုပါတယ်။ ကျွန်တော်တို့ အရေးပေါ်ကိစ္စတွေရှိတဲ့အခါမှာ တယ်လီဖုန်းဆက်ပြီးတော့ စုံစမ်းနိုင်ရန်ဖြစ်ပါတယ်။

ယခုအခါ Currency Reform လုပ်ဖို့ လုပ်နေတယ်ဆိုတာ သိရပါတယ်။ IMF နဲ့လည်း ဆက်သွယ်စုံစမ်းနေတယ်ဆိုတာ သိရပါတယ်။ ကျွန်တော်သိချင်တာက FEC ရဲ့ အနာဂတ်က ဘယ်လိုရှိပါသလဲ၊ သူ့ကို withdraw လုပ်တဲ့အခါမှာ ဘယ်လိုလုပ်မလဲဆိုတာ သိချင်ပါတယ်။

နောက်တစ်ခုက စာနယ်ဇင်းမူဝါဒနဲ့ပတ်သက်လို့ Relax လုပ်လာတာတွေ့ရလို့ သိပ်ဝမ်းသာပါတယ်။ ထုတ်တင်နဲ့တင်ထုတ်ပါ။ blog တို့၊ website တို့ကိုလည်း Relax ဖြစ်အောင် ကြည့်ပေးစေချင်ပါတယ်။

ဖြေ – ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

ကျွန်တော်တို့ဘက်ကလည်း အားလုံးကိုကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အဖွဲ့နဲ့ တစ်နည်းအားဖြင့်ပြောရင် နိုင်ငံတော်အစိုးရနဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာသမားတွေဟာ ခွဲလို့မရနိုင်ပါဘူး။ တိုင်းပြည်ရဲ့ အကျိုးအတွက်၊ ပြည်သူ့ရဲ့အကျိုးအတွက် ပူးတွဲပြီးတော့ လုပ်ကြရမယ့် ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ဘက်ကလည်းပဲ စတုတ္ထမဏ္ဍိုင်မီဒီယာသမားတွေအားလုံးက Harmony ဖြစ်ဖြစ် ပူးပေါင်းဆောင်ရွက်လာတာကို ကျေးဇူးတင်ပါတယ်ဆိုတာ ပြောလိုပါတယ်။ သတင်းကိစ္စတွေမှာ ပိုမိုချောမွေ့မြန်ဆန်ဖို့ရာအတွက် ဝန်ကြီးဌာနအလိုက် Contact Person ထားဖို့ကိစ္စနဲ့စပ်လျဉ်းပြီး ကျွန်တော်တို့ ဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနအသီးသီးမှာ Contact Person ထားနိုင်အောင် ညှိနှိုင်းဆောင်ရွက်ပါမယ်။

ဖြေ – ဦးသန်းညိမ်း (ဗဟိုဘဏ်ဥက္ကဋ္ဌ)

Exchange Rate က ကျွန်တော်တို့ နိုင်ငံရဲ့ Monetary Policy မှာ အရေးကြီးတဲ့ ကိရိယာတစ်ခုဖြစ်တော့ ဒီကိစ္စကို ကျွန်တော်တို့ အထူးအလေးထားဆောင်ရွက်ဖို့ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံနဲ့ပြည်သူ အကျိုးစီးပွားနဲ့ နေ့စဉ်လူမှုစီးပွားဘဝတွေမှာ ထိခိုက်မှုမရှိစေဖို့ ဦးစားပေးပြီး IMF နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ Exchange Rate Unification ကိစ္စဆောင်ရွက်ရင် FEC ရုပ်သိမ်းရေးကိစ္စကလည်း အလိုအလျောက် ပါသွားမှာဖြစ်ပါတယ်။ အဲဒီလိုရုပ်သိမ်းတဲ့အခါမှာ FEC လက်ဝယ်ရှိတဲ့ နိုင်ငံသားများအနေနဲ့ နစ်နာမှုမရှိဖို့ FEC အစား သူနဲ့ညီမျှတဲ့ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာဖြစ်စေ (သို့မဟုတ်) အဲဒီအချိန်မှာရှိတဲ့ သတ်မှတ်ထားတဲ့ ပေါက်စျေးနဲ့ညီမျှတဲ့ကျပ်ငွေဖြစ်စေရရှိမှာဖြစ်ပါတယ်။ နစ်နာမှုမရှိစေဖို့အတွက် တာဝန်ယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

မေး – ဒေါက်တာဇော်သန်း (ဆန်ကေးရှင်ဘွန်းသတင်းဌာန)

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အခု နိုင်ငံတော်အစိုးရ အကောင်အထည်ဖော်နေတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍများမှာ ဘယ်လောက်အထိ ပါဝင်ပူးပေါင်း ကူညီလာနိုင်မလဲဆိုတာ သိချင်ပါတယ်။

ဖြေ – ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

အားလုံးသိကြတဲ့အတိုင်း ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်လ ၂၈ ရက်နေ့ ရက်စွဲနဲ့ ငြိမ်းချမ်းရေးကိစ္စတွေမှာ သူမအနေနဲ့ ကိုယ်စွမ်းရှိသလောက် ပါဝင်ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်ဆိုပြီး ထုတ်ပြန်ထားပါတယ်။ ငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံဥပဒေနဲ့အညီ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်နဲ့ KIO/KIA တို့အကြား ဖြစ်ပွားတဲ့ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းရေးကိစ္စတွေအတွက်လည်း ပြည်နယ်အစိုးရကို တာဝန်ပေးပြီး တိုက်ရိုက်ထိတွေ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးကို လိုလားကြတဲ့ ကချင်ပြည်နယ်က ပြည်သူတွေ၊ ထင်ရှားတဲ့၊ ဩဇာတိက္ကမရှိတဲ့ ပုဂ္ဂိုလ်တွေ၊ NGO အဖွဲ့အစည်းတွေကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးကိုလိုလားကြောင်း သူတို့ရဲ့ ဆန္ဒတွေကို ဖော်ထုတ်မှု၊ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်နေကြပါတယ်။ ဒါကြောင့် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး၊ နှစ်ဖက်ငြိမ်းချမ်းမှုရရှိရေးကိစ္စတွေမှာ မည်သူမဆို ပြည်သူအားလုံး ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်တဲ့ အနေအထားရှိပါတယ်။ ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဒီကိစ္စတွေမှာလည်းပဲ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က သဘောတူညီနိုင်တဲ့ ကိစ္စရပ်တွေမှာ ပူးပေါင်းဆောင်ရွက်ကြမယ်၊ အခြေခံဥပဒေဘောင်အတွင်းက ဆောင်ရွက်လာတာမှန်သမျှကို လက်ကမ်းကြိုဆိုမယ်လို့ ပြောထားပြီးဖြစ်တဲ့အတွက် မည်သူမဆို စီးပွားရေး၊ လူမှုရေးကိစ္စတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားလိုပါတယ်။

မေး – ဦးတင်မောင်အေး (အဆာဟိရှင်ဘွန်းသတင်းဌာန)

နိုင်ငံတော်အပိုင်းက သတင်းထုတ်ပြန်မှုဆိုင်ရာများမှာ ယခုထက်ပိုပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးစေလိုပါတယ်။ နောက်ပြီး KIO/KIA ကိစ္စနဲ့ပတ်သက်လို့ နိုင်ငံတော်က စိတ်ရှည်သည်းခံ ဆောင်ရွက်နေတယ်ဆိုတာ ဘယ်လောက်အတိုင်းအတာအထိ ဖြစ်နိုင်မလဲဆိုတာ သိချင်ပါတယ်။

ဖြေ – ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

ပထမအချက်ဖြစ်တဲ့ နိုင်ငံတော်ရဲ့ ဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီး မြန်မြန်ဆန်ဆန် သိချင်တယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်။ ဒါကြောင့်လည်းပဲ နိုင်ငံတော်သမ္မတကြီးက အခုလို ကျွန်တော်တို့ ပြောရေးဆိုခွင့်နဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အတတ်နိုင်ဆုံး အမြန်ဆုံး သတင်းတွေကို ဆက်ပြီးထုတ်ပြန်ပေးသွားပါမယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရရင် နိုင်ငံတော်အစိုးရအနေနဲ့ကတော့ စစ်ကိုမလိုလားဘူး၊ သွေးထွက်သံယိုမှုကို မလိုလားဘူး၊ ငြိမ်းချမ်းရေးကို လိုလားတယ်၊ ရရှိထားတဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မပျက်စေလိုဘူး၊ ဒါကြောင့် ကျွန်တော်ရှင်းပြခဲ့တဲ့အတိုင်း အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံပြီး ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ သို့သော် တစ်ဖက်ကလည်း နိုင်ငံတော်အနေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေရတဲ့ စီမံကိန်းကြီးတွေလုံခြုံရေး ဒါတွေအားလုံးအတွက်တော့ လိုအပ်တဲ့ကာကွယ်တားဆီးမှုတွေ လုပ်ရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ကတော့ အဘက်ဘက်က ချင့်ချိန်ပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး – ဦးကျော်စွာမင်း (ဖလားဝါးနယူးစ်ဂျာနယ်)

ပင်စင်စားတွေအတွက် ပင်စင်လစာများကို တိုးမြှင့်ပံ့ပိုးလိုက်ခြင်းဟာ အထူးပဲ ကျေးဇူးတင်ဝမ်းမြောက်ဖွယ် ကောင်းပါတယ်။ ဒီလိုမျိုး တိုးမြှင့်လိုက်တဲ့အတွက် အသုံးစရိတ် ဘယ်လောက်ထပ်မံလိုအပ်မှာလဲ၊ အဲဒီအသုံးစရိတ်တွေကို ဘယ်ဘတ်ဂျက်ထဲကနေ သုံးစွဲမှာလဲဆိုတာ သိလိုပါတယ်။

မနေ့က လွှတ်တော်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြောကြားတဲ့အထဲမှာ ဝမ်းသာစရာသတင်းတစ်ပုဒ် ပါသွားပါတယ်။ ပြည်တွင်းပြည်ပ မီဒီယာတွေကို သတင်းတက်ရောက်ယူခွင့်ပေးမယ်လို့ သတင်းကောင်းတစ်ခုကြားလိုက်ပါတယ်။ အဲဒီလို တက်ရောက်ယူတဲ့အခါမှာ ဘယ်လောက် အတိုင်းအတာအထိ ဖိတ်ကြားမှာလဲ သိလိုပါတယ်။

ဖြေ – ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

မကြာခင်ကျင်းပတော့မည့် လွှတ်တော်မှာ ပြည်ပသတင်းဌာနကိုယ်စားလှယ်များကိုရော ပြည်တွင်းမှာရှိတဲ့ ဂျာနယ်၊ မဂ္ဂဇင်းသတင်းကိုယ်စားလှယ်များကိုပါ တက်ရောက်ချင်တဲ့သူတွေ တက်ရောက်လို့ရအောင် စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ဖြေ – ဒုတိယဝန်ကြီး ဦးဝင်းသန်း (ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)

နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပင်စင်လစာကို တိုးမြှင့်ပေးလိုက်တဲ့အတွက် နိုင်ငံတော်က ကျပ်ငွေ (၂၂၆ ဒသမ ၃၉၃) ဘီလီယံ ထပ်မံလိုအပ်ခဲ့ပါတယ်။ ဒီငွေနှင့်စပ်လျဉ်းပြီး ၂၀၁၁ ခုနှစ် နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေရဲ့ဇယား (၂)/(၄)ပါ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရဲ့ အသုံးစရိတ်များကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းသုံးစွဲခဲ့ခြင်းဖြစ်ပါတယ်။

မေး – ဦးမြတ်ခိုင် (လျှပ်တစ်ပြက်သတင်းဂျာနယ်နှင့် မော်နီတာသတင်းဂျာနယ်)

ဒီကနေ့ ဦးအောင်ကြည်နဲ့ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံကြရာမှာ ဒေါ်အောင်ဆန်းစုကြည်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကိုယ်စားပြုပြီး တွေ့ဆုံတာလားဆိုတာ သိချင်ပါတယ်။ နောက်တစ်ခုကတော့ ပြည်ထောင်စုအစိုးရအဖွဲ့က လစာတွေလျှော့ယူတယ်လို့ ကျွန်တော်တို့ကြားပါတယ်။ အဲဒါကို ဥပဒေကဲ့သို့ ပြဋ္ဌာန်းဖို့ အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။

ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိမ်း မေးမြန်းချက်များကို ဖြေကြားစဉ်။

(သတင်းစဉ်)

ဖြေ – ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

ဒေါ်အောင်ဆန်းစုကြည်ကနေပြီးတော့ ပြည်ထဲရေးဝန်ကြီးနှင့် တွေ့ဆုံချင်တယ်လို့ တောင်းဆိုမှုတွေလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း မတူတာတွေကို ဘေးဖယ်ထား၊ တူတာတွေကို ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် တိုင်းပြည်မှာ အကျိုးရှိနိုင်တယ်ဆိုတဲ့ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဝါဒနှင့်အညီ သူမကလည်း တောင်းဆိုလာတဲ့အတွက် ဦးအောင်ကြည်နဲ့ တွေ့ဆုံနေတာဖြစ်ပါတယ်ဆိုတာကို ကျွန်တော်ဖြေကြားလိုပါတယ်။

ဖြေ – ဒုတိယဝန်ကြီး ဦးဝင်းသန်း (ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှာ တာဝန်ယူကြတဲ့ ပုဂ္ဂိုလ်များအနေနဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေအတိုင်း ပြဋ္ဌာန်းထားတဲ့ လစာနှင့်ခံစားခွင့်များကို ရယူခံစားခြင်းမပြုဘဲ ယခင်တပ်မတော်အစိုးရလက်ထက် လစာနှင့်ခံစားခွင့်များအတိုင်းသာ ဆက်လက်ခံစားလျက်ရှိကြပါတယ်။ အဲဒီ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၃၀မှာ " ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်များနှင့်စပ်လျဉ်း၍ လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်" ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌနဲ့ အလုပ်အမှုဆောင်ကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များရဲ့ လစာချီးမြှင့်ငွေပြင်ဆင်ရန်ကိစ္စကို ဥပဒေပုဒ်မ ၃၀ နဲ့အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြင်ဆင်ခဲ့ခြင်းမှာ ဤဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ သီးခြားဥပဒေပြဋ္ဌာန်းရန် မလိုအပ်ပါ။

မေး – ဦးသန့်ကျော်ဇင် (ရန်ကုန်တိုင်းမ်ဂျာနယ်)

ဒီကနေ့လို နိုင်ငံတော်အဆင့် သတင်းစာရှင်းလင်းပွဲလုပ်ပေးတာ အထူးဝမ်းသာပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က သတင်းစာရှင်းလင်းပွဲတွေ လုပ်ပေးနေပါတယ်။ အလားတူ အခြားသောပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာလည်း သတင်းစာရှင်းလင်းပွဲများ လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။

ဖြေ – ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

ကျန်တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေအနေနဲ့လည်းပဲ နောက်ပိုင်းမှာ ကိုယ့်တိုင်းဒေသ၊ ကိုယ့်ပြည်နယ်အတွက် သတင်းမီဒီယာအဖွဲ့တွေကို အသိပေးသင့်တာတွေ အသိပေးနိုင်အောင် သတင်းစာရှင်းလင်းပွဲတွေ ရှိလာနိုင်ပါတယ်။

ရွေးကောက်ပွဲ ကန့်ကွက်လွှာပြင်ဆင်မှု အမှတ် (၅/၂၀၁၁) ရုံးထိုင်ကြားနာ

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲ ကန့်ကွက်လွှာပြင်ဆင်မှု အမှတ်(၅/၂၀၁၁)ကို ယနေ့နံနက်၁၀နာရီတွင် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာ စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အခြေခံဥပဒေနှင့်အညီ ပြောင်းလဲရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၁) ကျင်းပ

ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းစာ ရှင်းလင်းပွဲ (၁/၂၀၁၁) ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၂

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီးနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို အခြေခံဥပဒေနှင့်အညီ ပြောင်းလဲရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကကျင်းပသည့် သတင်းစာရှင်းလင်းပွဲ (၁/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီးများ၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ ပြည်တွင်းစာနယ်ဇင်းများမှ စာတည်းမှူးချုပ်များ၊ တာဝန်ခံများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့ပြီးနောက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို အခြေခံဥပဒေနှင့်အညီ ပြောင်းလဲရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသူများက မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး သတင်းစာ ရှင်းလင်းပွဲကို မွန်းလွဲ ၁ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

ယင်းနောက် သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများသည် စုဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် ငြိမ်းချမ်းရေးရယူခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်(၂၃)ဖွဲ့စာရင်း၊ ငြိမ်းချမ်းရေးရယူခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးက သဘောတူလက်ခံပြီးဖြစ်သည့် ငြိမ်းချမ်းရေးအဖွဲ့များလိုက်နာရမည့် ငြိမ်းချမ်းရေးမူစည်းကမ်း (၈)ချက်၊ နိုင်ငံတော်အပိုင်းက ငြိမ်းချမ်းရေးအဖွဲ့များအားလုံးအတွက် ထောက်ပံ့ငွေ၊ ရိက္ခာ၊ ယာဉ်၊ ပစ္စည်းစာရင်းချုပ်၊ နိုင်ငံတော်အပိုင်းက တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု စာရင်းချုပ်၊ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် KIO/KIA အဖွဲ့နှင့် အသွင်ကူးပြောင်းရေးမတိုင်မီ၊ အသွင်ကူးပြောင်းရေး ကာလအတွင်း တွေ့ဆုံဆွေးနွေးစဉ် တင်ပြချက်များ၊ တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားမှုကို အကြောင်းပြု၍ KIO /KIA အဖွဲ့မှ ပစ်ခတ်၊ တိုက်ခိုက်၊ မိုင်းခွဲ၊ ဖမ်းဆီး၊ သတ်ဖြတ်၊ ဖျက်ဆီးမှုများစာရင်းချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၁၇-၆-၂၀၁၁ ရက်စွဲပါ စာအမှတ် (၁/၃၀၀၄/၁၀၀/စရန)ဖြင့် KIO အဖွဲ့၏ ကမ်းလှမ်းချက်ကိစ္စ အကြောင်းအရာပါ ပေးစာမှစ၍ ပြည်နယ် တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့၊ ဦးသိန်းဇော်တို့နှင့် KIO/KIA တို့ နှစ်ဖက်အပြန်အလှန်ပေးစာ၊ အကြောင်းကြားစာများ၊ ကချင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုညှိနှိုင်းရေးအဖွဲ့နှင့် KIO/KIA တို့ အကြား တည်ငြိမ်အေးချမ်းမှုအတွက် ဆွေးနွေးဆောင်ရွက်မှု မှတ်တမ်းများ၊ ကချင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများကြောင့် ရပ်ရွာဒေသကို စွန့်ခွာပြီး မြို့များသို့ တိမ်းရှောင်ထွက်ပြေးလာခဲ့ကြသည့် မိသားစုများအတွက် ပြည်နယ်အစိုးရက စခန်းပေါင်း(၁၃)ခု ဖွင့်လှစ်ပြီး လက်ခံကူညီစောင့်ရှောက်ပေးမှု အခြေအနေ၊ အစိုးရအဖွဲ့သစ်လက်ထက် နိုင်ငံတကာဆက်ဆံရေး အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပကုန်သွယ်မှု၊ ငွေကြေးဖောင်းပွမှုနှုန်း စသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာရင်းဇယားများ၊ UPR အစည်းအဝေးဆိုင်ရာမှတ်တမ်းနှင့် အချက်အလက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ၊ KNU/KIA နှင့် SSA (ရှက်ဆစ်) အဖွဲ့တို့၏ အကြမ်းဖက်အဖျက်လုပ်ရပ် မှတ်တမ်း ဓာတ်ပုံများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်ကြောင့် ပြည်သူများထိခိုက်၊ သေကျေ၊ ဒဏ်ရာရရှိမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

မေး-ဦးဖိုးနိုင်လင်း(ပေါ်ပြူလာဂျာနယ်)

ဥက္ကံတို့၊ တိုက်ကြီးတို့ဘက်တို့မှာ ရေလွှမ်းမိုးမှုတွေဖြစ်နေပါတယ်။ အဲဒီအတွက် တချို့သော လယ်ယာမြေတွေမှာ ဆုံးရှုံးမှုတွေရှိပါတယ်။ အဲဒီအတွက် နိုင်ငံတော်အနေနဲ့ ဘယ်လိုတာဝန်ယူပံ့ပိုးပေးမယ်ဆိုတာ သိချင်ပါတယ်။

ဖြေ- ဒုတိယဝန်ကြီး ဦးအုန်းသန်း(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)

ရေကြီးနစ်မြုပ်မှုတွေနဲ့ပတ်သက်ပြီး ရေကျသွားတဲ့အခါမှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူလယ်သမားများ စပါးပြန်လည်စိုက်ပျိုးနိုင်အောင် လိုအပ်ချက်ဖြစ်တဲ့ မျိုးများကို ကြိုတင်ရှာဖွေစုဆောင်းထားပြီး မျိုးအပါအဝင် အခြားပံ့ပိုးမှုများကို လိုအပ်သလို ကူညီပံ့ပိုးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူပဲ နောင်နှစ်တွေမှာ ရေလွှမ်းမိုးမှုမရှိအောင် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆည်မြောင်းဦးစီးဌာနက မိုးကုန်သွားတဲ့အခါ သက်ဆိုင်ရာကွင်းတွေကို တိုင်းတာပြီး လုပ်သင့်လုပ်ထိုက်တဲ့ ရေမြောင်းများ တူးဖော်ခြင်း၊ ရေတံခါးများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒုတိယသမ္မတကြီးဦးစီးတဲ့ ကရင်ပြည်နယ်ခရီးစဉ်မှာလည်း အလားတူ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။

မေး-ဦးလင်းဘို (Myanmar Post Global)

အခု ကချင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး မြစ်ဆုံရေကာတာ စီမံကိန်းကြောင့်လို့ သူတို့ဘက်က အကြောင်းပြထားတာရှိပါတယ်။ နောက်ပြီး ဒီစီမံကိန်းဟာ ဧရာဝတီမြစ်နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုရှိတယ်လို့လည်း ထောက်ပြဝေဖန်မှုတွေရှိနေပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ Environmental Impact Accessment လို ကျွန်တော်တို့ Research လုပ်ထားတာမျိုး စာတမ်း ရှိ/မရှိ သိချင်ပါတယ်။

ဖြေ-ညွှန်ကြားရေးမှူးချုပ် ဦးကြီးစိုး(ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန)

ယခုမေးမြန်းချက်နဲ့ ပတ်သက်ပြီး ၉-၈-၂၀၁၁ရက်နေ့နဲ့ ၁၀-၈-၂၀၁၁ ရက်နေ့ သတင်းစာ ဆောင်းပါးများမှာ မှန်မှန်ကန်ကန်နဲ့ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြပြီးဖြစ်ပါတယ်။ နောက် EIA/SIA နဲ့ ပတ်သက်ပြီး ပြောရရင် ဧရာဝတီမြစ်အထက်ပိုင်း စူးစမ်းလေ့လာမှုများ ပြီးခဲ့ပါပြီ။ ဆက်လက်ပြီး ဧရာဝတီမြစ်အောက်ပိုင်း မြစ်ဝကျွန်းပေါ်အထိ စူးစမ်းလေ့လာနေဆဲဖြစ်ပါတယ်။

မေး-ဦးမျိုးအောင်(မျက်မှောက်ရေးရာမဂ္ဂဇင်း)

ပို့ကုန်အခွန်ပေးဆောင်တာကို (၁၀)ရာခိုင်နှုန်းကနေ (၇)ရာခိုင်နှုန်းကို လျှော့ချပေးခဲ့ပြီးဖြစ်ပါတယ်။ အခုပြင်ပမှာ မကြာခင် လုံးဝပေးဆောင်စရာလိုတော့မှာမဟုတ်ဘူးလို့ သတင်းဖြစ်ပေါ်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သိချင်ပါတယ်။ ဒုတိယမေးခွန်းကတော့ ပင်စင်စားတွေ လစာတိုးမြှင့်ပြီးဖြစ်တော့ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းများကိုရော လစာတိုးပေးဖို့ အစီအစဉ် ရှိ/မရှိ သိချင်ပါတယ်။

ဖြေ-ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

နိုင်ငံတော်သမ္မတကြီးနဲ့ အကြီးအကဲတွေက ဒေါ်လာတန်ဖိုးကျတာကြောင့် ကိုယ့်နိုင်ငံရဲ့ ပို့ကုန်တွေ၊ ကိုယ့်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ အခက်အခဲဖြစ်မှာစိုးရိမ်လို့ ပထမအဆင့် အားလုံးသိကြတဲ့အတိုင်း ကုန်သွယ်ခွန်ကို မူလ (၈)ရာခိုင်နှုန်းကနေ (၅)ရာခိုင်နှုန်းအထိ လျှော့ပေးခဲ့တယ်။ အခုလည်းပဲ အခြေအနေ အရပ်ရပ်ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် စောင့်ကြည့်သုံးသပ်ပြီး ဆောင်ရွက်သင့်တာတွေကို ဆက်ပြီးဆောင်ရွက်ပေးမယ့် အခြေအနေရှိပါတယ်။ လက်ရှိဝန်ထမ်းတွေကို လစာတိုးပေးဖို့ကိစ္စနဲ့ ပတ်သက်ပြီး ပြောရရင် မည်သည့်နိုင်ငံမှာမဆို နိုင်ငံတော်အစိုးရဆိုတာဟာ ပြည်သူအားလုံးရဲ့ မိဘပါပဲ။ မိဘဟာ သားသမီးတွေရဲ့အကျိုးကို ဆောင်ရွက်ပေးကြရမှာပါ။ ပေးလည်းပေးနေကြတာပါပဲ။ ဖြစ်နိုင်ရင် အကုန်လုံးကို တိုးပေးချင်တာပါပဲ။ ယနေ့အခါမှာ ပင်စင်စားပေါင်း (၈)သိန်းကျော်ကို ပင်စင်လစာတိုးပေးခဲ့ပြီးပါပြီ။ သို့သော် နိုင်ငံတော်က ဒီလိုတိုးပေးနိုင်ဖို့အတွက် အတော်လေး စီမံဆောင်ရွက်ယူရပါတယ်။ နိုင်ငံတော်အနေနဲ့ တစ်နှစ်တစ်နှစ်ကို ငွေကြေးပမာဏ အများကြီးကုန်ကျပါတယ်။

ဒါ့အပြင် စိုက်ပျိုးစရိတ်နဲ့ ပတ်သက်ပြီးတော့လည်း ယခင်တစ်ဧကကို ကျပ်(၂)သောင်းပဲပေးခဲ့ရာကနေ ယနေ့ တစ်ဧကကို ကျပ်(၄)သောင်း ပေးပါတယ်။ နှစ်ဆတိုးပြီး ပေးပါတယ်။ နိုင်ငံတော်မှာ စပါးစိုက်ဧက စုစုပေါင်းသန်း(၂၀)အတွက် နောက်ထပ်(၂)သောင်းစီ တိုးပြီးပေးထားပါတယ်။ ငွေပမာဏကို တွက်ကြည့်နိုင်ပါတယ်။ ဒါကြောင့် တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ဖြစ်ချင်တာတွေအားလုံး ဖြစ်ဖို့ဆိုတာကတော့ အခက်အခဲ ရှိနိုင်ပါတယ်။

အဆာဟီရှင်ဘွန်းသတင်းဌာနမှ ဦးတင်မောင်အေး မေးမြန်းစဉ်။ (သတင်းစဉ်)

လျှပ်တစ်ပြက် သတင်းဂျာနယ်နှင့် မော်နီတာသတင်းဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

မေး-ဇေယျာမြတ်ခိုင်(မော်နီတာသတင်းဂျာနယ်)

အခု KIA နဲ့ ဖြစ်တဲ့ကိစ္စမှာ KIA ဘက်က မြစ်ဆုံရေကာတာကြောင့်လို့ ပြောပါတယ်။ အခုတိုက်ပွဲဖြစ်နေတာက ညှိနှိုင်းနေဆဲပဲလို့လည်း သိရပါတယ်။ အဲဒီအတွက် နိုင်ငံတော်အစိုးရအနေနဲ့ မြစ်ဆုံရေကာတာကို ဆက်ဆောက်ဖို့ အစီအစဉ် ရှိ/မရှိ သိချင်ပါတယ်။ နောက်တစ်ချက်ကတော့ ဆင်းရဲမှုလျှော့ချရေးဆိုပြီး လုပ်နေရာမှာ အသေးစားချေးငွေတွေ ထုတ်ချေးပေးနေတာ တွေ့ရပါတယ်။ နောက်ထပ် ဆင်းရဲမှုလျှော့ချရေးအတွက် ဘယ်လိုအစီအမံတွေ လုပ်ဆောင်ဖို့ရှိသလဲဆိုတာ သိချင်ပါတယ်။

ဖြေ-ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (ပြန်ကြားရေးဝန်ကြီးဌာန)

မြစ်ဆုံစီမံကိန်းကိစ္စ ဆက်လုပ်၊ မလုပ်ကိစ္စကလည်း ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားရေးအတွက် အစစအရာရာကို ချိန်ဆပြီးတော့ ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စဉ်းစားကြ၊ လုပ်ကြရာမှာ တစ်ဖက်စကားချည်းပဲ တစ်ဖက်သတ် မယုံဖို့လိုပါတယ်။ ဒီနေ့အခါမှာ KIO ကရော၊ အခြားအဖွဲ့အစည်းတွေကရော ဒီစီမံကိန်းလုပ်ရင် ဘာဖြစ်မယ်၊ ညာဖြစ်မယ် အမျိုးမျိုးပြောနေကြပါတယ်။ အယူအဆအမျိုးမျိုးရှိကြပါတယ်။ နိုင်ငံတော်အစိုးရကလည်း ကိုယ့်ပြည်သူတွေ ဒုက္ခရောက်အောင်၊ ကိုယ့်ဧရာဝတီမြစ်ကြီး ပျက်စီးသွားအောင် ဘယ်တော့မှ လုပ်မှာမဟုတ်ပါဘူး။ ဒါကို မျှမျှတတ စဉ်းစားကြစေချင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကိုယ့်တိုင်းပြည်အတွက် ကောင်းစေလိုတဲ့ စေတနာအရင်းခံနဲ့ ချင့်ချင့်ချိန်ချိန် ညှိညှိနှိုင်းနှိုင်းလေ့လာပြီး လုပ်သွားမှာဖြစ်ပါတယ်။

နောက်မေးခွန်းဖြစ်တဲ့ ကျေးလက်ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးနဲ့ ပတ်သက်ပြီး အသေးစား ငွေချေးမှုကိုတော့ လုပ်နေပါပြီ၊ ကျန်တာတွေကိုရော ဘယ်လိုလုပ်မှာလဲဆိုတဲ့ မေးခွန်းအတွက် အားလုံးပူးပေါင်းဖို့လိုတယ်လို့ ပြောချင်ပါတယ်။ အားလုံးက အသိစိတ်ရှိရှိနဲ့ ပူးပေါင်းကြမှ တိုင်းပြည်တိုးတက်မှာ ဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူရတဲ့ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီရဲ့ အောက်မှာ နယ်ပယ်(၆)ရပ်ပါပါတယ်။ အဲဒီနယ်ပယ်(၆)ရပ်ကို တစ်နိုင်ငံလုံး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ Action Plan အားလုံး ဆွဲပြီးဖြစ်ပါတယ်။ Action Plan လို့ပြောတဲ့နေရာမှာ တကယ်ဖြစ်နိုင်သော Action Plan များ ဆွဲထားပါတယ်။ အဲဒီ Action Plan တွေကို အား(၁၀)အားနဲ့ ဆောင်ရွက်မယ်။ နိုင်ငံတော်ရဲ့အား၊ ဒေသပြည်သူရဲ့အား၊ စေတနာရှင်ပြည်သူတွေရဲ့အား၊ ဖောင်ဒေးရှင်းတွေရဲ့အား၊ အဖွဲ့အစည်းတွေရဲ့အား၊ INGO တွေရဲ့အား၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့တွေရဲ့အား စသည်ဖြင့် အား(၁၀)အားနဲ့ ဆောင်ရွက်မယ်။ ဒါကြောင့် အဲဒီလုပ်ငန်းတွေမှာ အားလုံးဝိုင်းပြီးတော့ ကြိုးစားကူညီပံ့ပိုးပေးကြဖို့ လိုပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အစိုးရတစ်ခုတည်းနဲ့ မရဘူး။ ပြည်သူအားလုံးက အသိစိတ်ရှိရှိနဲ့ ဝိုင်းကူမှရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူအားလုံးကရော၊ စာပေလောကသားတွေကရော၊ စတုတ္ထမဏ္ဍိုင် မီဒီယာသမားတွေကရော ဝိုင်းဝန်းကူညီကြပါလို့ ကျွန်တော်ပြောကြားလိုပါတယ်။

မေး-ဒေါက်တာတင်အောင်ရွှေ(ကနောင်ဂျာနယ်)

NGO တွေဟာ များသောအားဖြင့်တော့ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဆိုပြီးတော့ NGO ဖွဲ့စည်းဖို့ ကျွန်တော်တို့ လျှောက်ထားကြရပါတယ်။ အဲဒီလို NGO လျှောက်တဲ့ပုံစံမှာ မှတ်ပုံတင်ခွင့်ပြုတဲ့မူကို သိလိုပါတယ်။

ဖြေ-ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ပြည်ထဲရေးဝန်ကြီးဌာန)

အသင်းအဖွဲ့ တည်ထောင်မှုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခုလက်ရှိလည်း ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ထားပြီး လက်ရှိဖွဲ့စည်းဆောင်ရွက်နေတဲ့ အသင်းအဖွဲ့ပေါင်း(၂၂၁)ဖွဲ့ ရှိနေပြီဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်ရေးဗဟိုကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ထားရှိပါတယ်။ ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာနက ဆောင်ရွက်ပါတယ်။ အသင်းဖွဲ့စည်း ဆောင်ရွက်လိုသူများအနေနဲ့ ဥက္ကဋ္ဌ ဒါမှမဟုတ် အတွင်းရေးမှူးကိုယ်တိုင် သတ်မှတ်ထားတဲ့ ပုံစံအတိုင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနကို သွားရောက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာ မြို့နယ်ကနေ ခရိုင်အဆင့်၊ ခရိုင်ကနေ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို တင်ပြပြီး ဒီအစိုးရအဖွဲ့တွေရဲ့ ထောက်ခံချက်နဲ့အတူ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြရမှာဖြစ်ပါတယ်။ ဒီဘက်ဝန်ကြီးဌာနက ခုနက ကျွန်တော်ပြောခဲ့တဲ့အဖွဲ့ကနေ စိစစ်ပြီး ဆောင်ရွက်ပေးလျက် ရှိပါတယ်။ **(သတင်းစဉ်)**

ရူပဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တက္ကသိုလ် ရူပဗေဒ ကျောင်းသား ကျောင်းသူဟောင်းများ (၁၉၉၁-၁၉၉၄)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပနိုင်ရေးအတွက် တတိယအကြိမ် အကြိုညှိနှိုင်းအစည်းအဝေးပွဲကို ဩဂုတ် ၁၃ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ဒေါက်တာဇော်လင်းသူ ဖုန်း-၀၉-၅၀၀၆၀၂၄၊ ကိုဆန်းလင်း ဖုန်း-၀၉-၅၀၁၁၀၉၇၊ မအိအိ ဖုန်း-၀၉-၅၀၅၄၈၀၀တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(၀၅၆)**





စာမျက်နှာ ၇ မှ

အဲဒီ ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့်မှာပါဝင်တဲ့ ပြည်သူ့ကိုယ်စားလှယ် အသီးသီး အနေနဲ့လည်း နိုင်ငံတော်အတွက် အကျိုးရှိမည့် ကိစ္စများ၊ ပြည်သူလူထု၏ ဆန္ဒသဘောထားများကို ထင်ဟပ်ပြီး ဆွေးနွေးခြင်း၊ တင်ပြခြင်း၊ အဆိုတင်သွင်းခြင်းများကို ပြုလုပ်လျက်ရှိကြပါတယ်။ ယခုလို ဆွေးနွေး တင်ပြပြောကြားနိုင်မည့် ဥပဒေပြုအဖွဲ့အစည်း အဆင့်ဆင့်ပေါ်ပေါက်လာခြင်းဟာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ ကြီးမားတဲ့ တိုးတက်မှုတစ်ခုဖြစ်ပါတယ်။ ယခုအခါ အဲဒီ ဥပဒေပြုအဖွဲ့အစည်းအဆင့်ဆင့်အနေနဲ့ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ် ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် လေ့လာ စိစစ်မှုများ ပြုလုပ်နေကြပြီဖြစ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်ပြီးပြောရရင် နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့တဲ့ မိန့်ခွန်းများထဲမှာ မြန်မာနိုင်ငံအနေနဲ့ ဘက်မလိုက်တဲ့ လွတ်လပ်ပြီး တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ကြောင်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့ပြီးဖြစ်တဲ့အပြင် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများမှာ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့ ပူးပေါင်းဆောင်ရွက်မယ့် သဘောထားများကိုလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများက မြန်မာနိုင်ငံကို လာရောက်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သလို ယခင်က အဆင့်မြင့်အရာရှိများအကြား ထိတွေ့ဆက်ဆံမှုနည်းခဲ့တဲ့ အမေရိကန်၊ ဥရောပသမဂ္ဂတို့လို နိုင်ငံများကလည်း လာရောက်တွေ့ဆုံခဲ့မှုများ ပြုလုပ်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ အလားတူ ချစ်ကြည်ရင်းနှီးပြီးဖြစ်တဲ့ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့ကြသလို မြန်မာခေါင်းဆောင်များကလည်း အပြန်အလှန် သွားရောက်လည်ပတ်မှုရှိခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့(ICRC) အနေနဲ့ အကျဉ်းထောင်များကို သွားရောက်လေ့လာပြီး အကူအညီပေးတဲ့လုပ်ငန်းများကို ဇူလိုင် ၁ ရက်နေ့က ပြန်လည်စတင်နေပြီဖြစ်သလို လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာကွင်တားနားလည်း မကြာမီ မြန်မာနိုင်ငံကိုလာရောက်လည်ပတ်ဖို့ရှိကြောင်း ပြောကြားလိုပါတယ်။

တစ်ဖက်ကလည်း တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်တဲ့အတွက် အကျဉ်းကျခံနေရသူများအပါအဝင် အကျဉ်းသား (၁၄၇၅၈)ဦးကို နိုင်ငံတော်သစ် တည်ဆောက်ရာမှာ ပါဝင်ခွင့်ရနိုင်စေဖို့အတွက် လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီလွတ်ငြိမ်းချမ်းသာခွင့်ကြောင့် အထက်ဖော်ပြပါ အကျဉ်းသား (၁၄၇၅၈)ဦး လွတ်မြောက်ခဲ့တဲ့အပြင် သေဒဏ်မှ ထောင်ဒဏ်တစ်သက်သို့ လျှော့ပေါ့ခံစားရသူ (၆၅၇)ဦး၊ သာမန်ရရှိပြီးလျှော့ရက်အပြင် တစ်နှစ်ထပ်မံ လျှော့ပေါ့ခွင့်ခံစားရသူ (၄၁၇၆၇)ဦးရှိခဲ့ပါတယ်။

ဒ့ါအပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုတဲ့အနေနဲ့ ဥပဒေအရ ရပ်တည်ခွင့်မရှိတော့တဲ့ NLD ပါတီရဲ့ အရေးကိစ္စကိုပင် သိမ်မွေ့စွာကိုင်တွယ်ပြီး အမျိုးသားအကျိုးစီးပွားအတွက် လက်တွဲဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းများ ဖွင့်ပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ NLD ဟာ နိုင်ငံရေးဆောင်ရွက်မယ်ဆိုပါက တရားဝင်ပါတီထူထောင်ခွင့်ရအောင် ဥပဒေနဲ့အညီ လုပ်ဆောင်ရမှာပဲ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အပိုင်းက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ NLD ကိုလည်း တတ်နိုင်သမျှ လက်တွဲခေါ်ယူလျက်ရှိပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ဇူလိုင်လ ၂၅ ရက်နေ့မှာ ဝန်ကြီးဦးအောင်ကြည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်ဦးသဘောတူ ထုတ်ပြန်ကြေညာချက်ကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပြီး ပြည်သူလူထုအကျိုးစီးပွားအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများမှာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း အောင်မြင်တဲ့ရလဒ်ကောင်းများ ရရှိဖို့မျှော်လင့်ပါကြောင်း ပြောကြားလိုပါတယ်။

စီးပွားရေးတိုးတက်ပြောင်းလဲဖော်ဆောင်မှုများ

နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ ဆောင်ရွက်ချက်များအပိုင်းကို ဆက်လက်ပြီး ရှင်းပြလိုပါတယ်။ အစိုးရအဖွဲ့သစ်အနေနဲ့ နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ပြောင်းလဲတိုးတက်စေရန်အတွက် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနဲ့ ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး နိုင်ငံနဲ့ပြည်သူရဲ့အကျိုးအတွက် ပြုပြင်သင့်သည်များကို ပြုပြင်ရန်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ခေတ်စနစ်နဲ့လျော်ညီအောင် ပြုပြင်ရေးဆွဲနေပြီး ဈေးကွက်စီးပွားရေးစနစ်နဲ့လျော်ညီတဲ့ ယှဉ်ပြိုင်မှုမူဝါဒ (Competition Policy) ဥပဒေမူကြမ်းရေးဆွဲလျက်ရှိပါတယ်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းပြီးချိန်ကစပြီး ၃၁-၇-၂၀၁၁ ရက်နေ့အထိ နိုင်ငံပေါင်း (၃၁)နိုင်ငံမှ လုပ်ငန်းပေါင်း (၄၅၄)ခုမှာ

ခန်းမအတွင်း ခင်းကျင်းပြသထားသော မှတ်တမ်းအချက်အလက်များနှင့် ဓာတ်ပုံမှတ်တမ်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာသန်းပေါင်း (၃၆၀၇၁ ဒသမ ၂၈၈) ရင်းနှီးမြှုပ်နှံခဲ့ပြီးဖြစ်ပါတယ်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ၁-၄-၁၉၉၉ မှ ၃၁-၃-၂၀၁၁ အထိ ကာလအတွင်း လုပ်ငန်းပေါင်း (၈၀၇)ခုမှာ အမေရိကန် ဒေါ်လာ (၂၁၉၇ ဒသမ ၆၅) သန်းအပါအဝင် ကျပ်သန်းပေါင်း (၁၄၁၄)ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်ပါတယ်။

ဒ့ါအပြင် ပြည်ပကုန်သွယ်မှုလုပ်ငန်းများအတွက် ပို့ကုန်သွင်းကုန်လိုင်စင်များကို အများဆုံး (၂)ရက်အတွင်းရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၁ ဧပြီလမှ ဇူလိုင်လ စတုတ္ထပတ်အထိ ကာလအတွင်း စုစုပေါင်း ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၅၄၂၇ ဒသမ ၂၇)သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၂၆ ဒသမ ၆၂ ရာခိုင်နှုန်း တိုးမြင့်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ ယခင်က ပို့ကုန်များအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်းနဲ့ ကုန်သွယ်ခွန် ၈ ရာခိုင်နှုန်း၊ ပေါင်း ၁၀ ရာခိုင်နှုန်း ကောက်ခံနေရာမှ ဇူလိုင်လ ၁ ရက်နေ့ကစပြီး ယခုအခါကုန်သွယ်ခွန်ကို ၃ ရာခိုင်နှုန်း လျှော့ချပြီး ၇ ရာခိုင်နှုန်းသာ ကောက်ခံခြင်းဖြင့် ပို့ကုန်ကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနေကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တစ်ဖက်ကလည်း ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ငွေကြေးဖောင်းပွမှုနှုန်းဟာလည်း ဧပြီလမှာ ၈ ဒသမ ၂၇ ရာခိုင်နှုန်း၊ မေလမှာ ၈ ဒသမ ၁၅ရာခိုင်နှုန်းနဲ့ ဇွန်လမှာ ၇ ဒသမ ၈၂ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းချင်း ကျဆင်းလာတာကို တွေ့နိုင်ပါတယ်။

ဘဏ္ဍာရေးကဏ္ဍမှာလည်း ပြည်တွင်းအခွန်ဦးစီးဌာနက ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းအက်ဥပဒေ၊ ရုံးခွန်အက်ဥပဒေ စသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်နိုင်ဖို့ လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်နဲ့ဆက်စပ်ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဥပဒေပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်နေပြီး ၎င်းဥပဒေ မပြဋ္ဌာန်းနိုင်မီအတွင်း အသေးစားချေးငွေလုပ်ငန်းများ ယာယီစမ်းသပ် လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်တဲ့ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့ရှိနိုင်ပါတယ်။ အလားတူ အငြိမ်းစားဝန်ထမ်းများရဲ့ ပင်စင်လစာကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှ လက်ရှိတာဝန်ထမ်းဆောင်နေသောဝန်ထမ်းများ အငြိမ်းစားယူပါက ရရှိမည့် ပင်စင်ခံစားခွင့်အတိုင်း တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလို တိုးမြှင့်ခံစားခွင့်ရရှိခဲ့တဲ့ နိုင်ငံ့ဝန်ထမ်း ပင်စင်စားအင်အားမှာ တပ်မတော်သားများအပါအဝင် (၈၁၅၆၃၃)ဦးဖြစ်ပြီး တိုးမြှင့် ပင်စင်သတ်မှတ်ခြင်းကြောင့် ယခင်က အနိမ့်ဆုံးပင်စင်လစာ (၇၅၀)ကျပ်ရရှိသူများဟာ ယခု (၂၀၀၀၀)ကျပ် ရရှိမည်ဖြစ်ကာ ယခင်ပင်စင်လစာ (၁၃၇၅)ကျပ် ရရှိတဲ့ အလယ်အလတ်အဆင့် ပင်စင်စားတစ်ဦးဟာ ယခု (၃၂၀၀၀)ကျပ် ရရှိလာမှာဖြစ်ပါတယ်။ ယခင် ပင်စင်လစာ (၂၅၀၀)ကျပ် ရရှိခဲ့တဲ့ အရာရှိကြီးတစ်ဦးဟာ ယခု (၁၁၀၀၀၀)ကျပ် အထိ တိုးတက်ရရှိလာမှာဖြစ်ပါတယ်။

ဆင်းရဲမှုနဲ့ပတ်သက်ပြီးပြောရရင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်တဲ့ အိမ်ထောင်စုများရဲ့ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲမှုရာခိုင်နှုန်းဟာ (၃၂) ရာခိုင်နှုန်းကနေ (၂၆) ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။ ဆက်လက်ပြီး ထောင်စုနှစ်ရည်မှန်းချက်နဲ့အညီ မြန်မာနိုင်ငံရဲ့ ဆင်းရဲမှုနှုန်းကို ၂၀၁၄-၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ကျသွားအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို မေလအတွင်း ကျင်းပပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးစီမံချက်ကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ကာလသတ်မှတ်ပြီး လိုအပ်တဲ့ လုပ်ငန်းကော်မတီများ၊ အထောက်အကူပြုကော်မတီများ ဖွဲ့စည်းကာ အောက်ပါ လုပ်ငန်း (၈)ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေး ပြောကြားအပ်ပါတယ် -

(က) လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး။
(ခ) ကျေးလက်ဒေသ ထုတ်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး။
(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(ဃ) အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(င) ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး။
(စ) ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး။
(ဆ) ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး။
(ဇ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး။

လူမှုရေးတိုးတက်ဖော်ဆောင်မှုများ

ဆက်လက်ပြီး လူမှုရေးပိုင်းဆိုင်ရာမှာ လတ်တလောပေါ်ပေါက်နေတဲ့ Issue များဖြစ်တဲ့ လူ့အခွင့်အရေးနဲ့ အဓမ္မလုပ်အားပေးစေခိုင်းမှုဆိုင်ရာများကို ရှင်းလင်းလိုပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီရဲ့ (၁၀)ကြိမ်မြောက် Universal Periodic Review (UPR) အစည်းအဝေးကို ယခုနှစ် ဇန်နဝါရီလ ၂၄ ရက်နေ့ကနေ ဖေဖော်ဝါရီလ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာမှာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေနဲ့ပတ်သက်ပြီး နိုင်ငံ (၇၀)က အချက်ပေါင်း (၁၉၀) ကို အကြံပြုဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံက (၁၀)ချက်ကို အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ (၆၄)ချက်ကို လက်ခံသဘောတူပြီး (၄၆)ချက်အပေါ် စိစစ်ပြန်ကြားမည်ဖြစ်ကြောင်းနဲ့ ကျန်အချက် (၇၀)ကို လက်ခံနိုင်ခြင်းမရှိကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါတယ်။ မေးခွန်းများကိုလည်း ကျေလည်စွာ ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါတယ်။ ဒါကြောင့် အာဆီယံနိုင်ငံများ၊ တရုတ်၊ ရုရှား၊ ကျူးဘား၊ အိန္ဒိယ၊ ဆူဒန်နိုင်ငံများအပါအဝင် နိုင်ငံ (၅၇)နိုင်ငံက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးမြှင့်တင်မှုဆိုင်ရာ ကြိုးပမ်းချက်များကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့မှုများကို ရုပ်သိမ်းရန် တိုက်တွန်းကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။

ထို့နောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ယခုနှစ် မေလ ၃၀ ရက်မှစပြီး (၁၇)ကြိမ်မြောက် အစည်းအဝေးကိုကျင်းပပြီး ၈-၆-၂၀၁၁ ရက်နေ့တွင် မြန်မာနိုင်ငံရဲ့ UPR Outcome Report ကို အပြီးသတ် အတည်ပြုချက်ချမှတ်ရေး အစည်းအဝေးပြုလုပ်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးသို့ မြန်မာနိုင်ငံ ပြည်ထောင်စုရှေ့နေချုပ်ဦးစီးကိုယ်စားလှယ်အဖွဲ့ တက်ရောက်ပြီး ယခင် UPR အစည်းအဝေးတွင် မြန်မာနိုင်ငံဘက်မှ အကြောင်းပြန်ကြားရန်ကျန်သည့် (၄၆)ချက်အနက် အချို့အချက်များကို လက်ခံကြောင်း ပြန်ကြားခဲ့ပြီးဖြစ်ကြောင်း၊ ယခုထပ်မံ၍ (၄)ချက်ကို လက်ခံပါကြောင်း၊ စုစုပေါင်း အကြံပြုချက် (၁၉၀)အနက် (၁၀၄)ချက်ကို လက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အခြားဆွေးနွေးသည့် နိုင်ငံ (၁၁)နိုင်ငံတို့ကလည်း မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေ တိုးတက်ဆောင်ရွက်မှုအပေါ် ဝမ်းသာဂုဏ်ယူ အားပေးထောက်ခံကြောင်း ဆွေးနွေးခဲ့ကြပါတယ်။ ထို့ပြင် နိုင်ငံအများကပါ မြန်မာနိုင်ငံ၏ Commitment ကို အသိအမှတ်ပြုကြသည့်အပြင် သဘာပတိရဲ့ ထောက်ခံလက်ခံမှုပါ ရရှိခဲ့ပြီး မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးဆောင်ရွက်မှုများကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဒ့ါအပြင် ယနေ့နိုင်ငံတော်အတွင်းမှာ ပြည်သူများအနေနဲ့ မိမိတို့တွင် နစ်နာမှုများရှိပါက ထိုနစ်နာမှုများအတွက် နိုင်ငံတော်အကြီးအကဲများအပါအဝင် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားပြောဆိုနိုင်ခွင့်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ တွင် "နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်"ဟု ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်အတိုင်း နိုင်ငံသားများအနေနဲ့ ၎င်းတို့ရဲ့ နစ်နာမှုများနဲ့ပတ်သက်ပြီး တင်ပြလာပါက စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်မဖြစ်ခင်ကလည်း နိုင်ငံသားများအနေနဲ့ ၎င်းတို့ရဲ့ နစ်နာမှုများနဲ့ပတ်သက်ပြီး အကြီးအကဲများထံ တင်ပြလာပါက စိစစ်အရေးယူမှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလမှစတင်၍ ပြည်သူများက ၎င်းတို့ရဲ့ နစ်နာချက်အမျိုးမျိုးကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြမှုပေါင်း (၅၈၅) ခု ရှိခဲ့ပါတယ်။ အဲဒီအနက် တင်ပြချက်ပေါင်း (၇၉) ခုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး (၅၀၆) ခုနဲ့ ပတ်သက်လို့ လိုအပ်တဲ့စိစစ်မှုများ ပြုလုပ်လျက်ရှိပါတယ်။

၂၆-၄-၂၀၀၀ ရက်နေ့မှာတော့ လူ့အခွင့်အရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ရာ နစ်နာသူ ပြည်သူများက တင်ပြမှုများရှိခဲ့ပြီး အဖွဲ့က စိစစ်အရေးယူဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းတို့ရဲ့ နစ်နာမှုများနဲ့ပတ်သက်ပြီး အကြီးအကဲများနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြချက် (၅၀၃) ခု ရှိခဲ့ပါတယ်။ အဲဒီတင်ပြချက်များအနက် တင်ပြချက် (၁၉၉) ခုမှာ မှန်ကန်ကြောင်းတွေ့ရှိရသဖြင့် တာဝန်ရှိသူများကို အရေးယူခဲ့ပြီး တင်ပြချက် (၂၀၃) ခုကိုမူ ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်စိစစ်လျက်ရှိပါတယ်။ တင်ပြချက် (၁၀၁)ခုကတော့ မှန်ကန်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ပိတ်သိမ်းခဲ့ပြီးဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

စာမျက်နှာ ၁၀ မှ

အဓမ္မလုပ်အားပေးစေခိုင်းမှုနဲ့ ပတ်သက်ပြီး ရှင်းပြရရင် ILO ပြဋ္ဌာန်းချက်အမှတ် (၂၉)ကို အကောင်အထည်ဖော်ရန်အတွက် ၂-၁၂-၂၀၀၂ ရက်နေ့က ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်ပြီး အဖွဲ့ဝင် (၁၃)ဦးပါ အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်တဲ့ အဖွဲ့ဝင် ငါးဦးပါ ILO လုပ်ငန်းရေးရာအဖွဲ့ကိုလည်း ၁၄-၂-၂၀၁၀ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အဓမ္မလုပ်အားပေးစေခိုင်းမှုများ မရှိစေရန် ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချမှတ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အဓမ္မလုပ်အားပေးစေခိုင်းမှုများ မပြုလုပ်ရန်တားမြစ်တဲ့ အမိန့်အမှတ် (၁/၉၉)ကို ၁၄-၅-၁၉၉၉ မှာလည်းကောင်း၊ (၁/၉၉)ကို ထပ်မံဖြည့်စွက်တဲ့အမိန့်ကို ၂၇-၉-၂၀၀၀ မှာလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ILO ပြဋ္ဌာန်းချက်အမှတ်(၂၉)အပါအဝင် ထုတ်ပြန်ပြီးဖြစ်တဲ့ အမိန့်များနဲ့ပတ်သက်ပြီး ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိစေရေး အတွက် ရှင်းလင်းဆွေးနွေးမှုများကိုလည်း နိုင်ငံနဲ့အဝန်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၁၉၀၇ ခုနှစ် ကျေးရွာဥပဒေနှင့် မြို့များဥပဒေအစား ဥပဒေအသစ်ရေးဆွဲလျက်ရှိရာမှာ ILO ပြဋ္ဌာန်းချက်အမှတ် (၂၉)နဲ့ ဆက်နွယ်နိုင်တဲ့ ပုဒ်မများ မပါရှိစေရန် စိစစ်ရေးဆွဲလျက်ရှိပါတယ်။

ဒါ့အပြင် ၂၀၀၂ ခုနှစ် မတ်လမှာ ILO ဆက်သွယ်ရေးအရာရှိကို မြန်မာနိုင်ငံမှာ လက်ခံခဲ့ပြီး ၎င်းရဲ့ကျွမ်းကျင်မှုအကူအညီနဲ့ အဓမ္မစေခိုင်းမှုပပျောက်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဓမ္မလုပ်အားပေးစေခိုင်းမှုများ တိုင်ကြားရေးယန္တရားနဲ့ စပ်လျဉ်းတဲ့ နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာကိုလည်း ၂၆-၂-၂၀၀၇ ရက်နေ့မှာ အလုပ်သမားဝန်ကြီးဌာနနဲ့ ILO တို့ လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီနောက်ဆက်တွဲနားလည်မှုစာချွန်လွှာနဲ့အညီ အဓမ္မလုပ်အားပေးစေခိုင်းမှုနဲ့ပတ်သက်တဲ့ တိုင်ကြားချက်များကို ILO လုပ်ငန်းအဖွဲ့က စိစစ်စစ်ဆေးခဲ့ရာမှာ အမှုပေါင်း (၃၈၉) မှုကို လက်ခံစိစစ်ပေးခဲ့ပြီး အမှုပေါင်း (၁၈၂)မှုကို ထိုက်သင့်တဲ့အရေးယူမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ILO ပြဋ္ဌာန်းချက် အမှတ် (၂၉)ရဲ့ တိုက်ရိုက်အနှစ်သာရဖြစ်တဲ့ အဓမ္မလုပ်အားပေးစေခိုင်းမှုဖြစ်စဉ်များဟာ ယခုလက်ရှိအခြေအနေအရ ကျွန်တော်တို့နိုင်ငံမှာ မရှိသလောက် လျော့နည်းပပျောက်သွားပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။

နိုင်ငံတော်အနေနဲ့ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကော်မတီကို ၅-၁-၂၀၀၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး အဲဒီကော်မတီက လိုအပ်သော အမိန့်နဲ့ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အမျိုးသားအဆင့်စောင့်ကြည့်လေ့လာရေးနဲ့ အစီရင်ခံရေး ယန္တရားတစ်ခု ထူထောင်နိုင်ရန် ဆောင်ရွက်ခြင်း၊ Action Plan ရေးဆွဲနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ၂၃-၅-၂၀၁၁ ရက်နေ့မှာ အဲဒီကော်မတီကို ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်ပြီး အဖွဲ့ဝင် ရှစ်ဦးနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် ကော်မတီဖွဲ့စည်းပြီးချိန်မှ ယခုနှစ်ဇွန်လအထိ တပ်သားသစ်စုဆောင်းရာမှာ ညွှန်ကြားချက်နဲ့အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသူ အရာရှိ (၂၃) ဦး၊ စစ်သည် (၁၄၆) ဦးတို့ကို စစ်စည်းကမ်းအရ အရေးယူခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအပိုင်းကို ရှင်းပြလိုပါတယ်။ မြန်မာနိုင်ငံမှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နဲ့ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အဖွဲ့များကို ဆက်လက်ဖွဲ့စည်းပေးခဲ့ပါတယ်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကိုလည်း ၂၀၀၅ မှ ၂၀၀၇ အထိ ပထမ (၃)နှစ်စီမံကိန်း၊ ၂၀၀၈ မှ ၂၀၁၀ ထိ ဒုတိယ (၃)နှစ်စီမံကိန်းနဲ့ ယခု ၂၀၁၁ မှ ၂၀၁၃ ထိ တတိယ (၃)နှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိရာ တရုတ်-မြန်မာ နှစ်နိုင်ငံဖြတ်ကျော် လူကုန်ကူးနေတဲ့ ဂိုဏ်းသုံးဂိုဏ်းကို ဖော်ထုတ်ဖြိုခွင်းနိုင်ခဲ့ပြီး ကျူးလွန်သူ (၇၉) ဦးကို အရေးယူနိုင်ခဲ့တဲ့အပြင် လူကုန်ကူးခံရသူ (၁၀၄) ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဇွန်လကုန်အထိ လူကုန်ကူးမှု (၇၀၉) မှုကို ဖော်ထုတ်နိုင်ခဲ့ပြီး ပါဝင်ကျူးလွန်သူ (၁၉၈၀) ဦးကို အရေးယူနိုင်ခဲ့ပါတယ်။ သွေးဆောင်ဖြားယောင်းခံရသူ (၁၂၅၉) ဦးကို မိဘများထံ ပြန်လည်အပ်နှံနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စများမှာ သက်ဆိုင်ရာနိုင်ငံများနဲ့ နှစ်နိုင်ငံပူးပေါင်း၍လည်းကောင်း၊ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ် (COMMIT) အဖွဲ့ဝင်နိုင်ငံအားလုံးနဲ့ ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ဒေသတွင်းနိုင်ငံများက မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုအပေါ် အကြိမ်ကြိမ်အသိအမှတ်ပြု ဖော်ထုတ်ချီးကျူး မှတ်တမ်းတင်ခဲ့ကြပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံကတော့ မြန်မာနိုင်ငံကို လူကုန်ကူးမှုတိုက်ဖျက်ရေးမှာ ကြိုးပမ်းအားထုတ်မှုမပြုတဲ့နိုင်ငံအဖြစ် အနိမ့်ဆုံးစံနှုန်း TIER-3 တွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၁ ခုနှစ်ထိ ဆက်တိုက်သတ်မှတ်ခဲ့ပါတယ်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံကတော့ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနဲ့ပတ်သက်ပြီး ရှင်းပြရရင် မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ (၁၅)နှစ် စီမံကိန်းရေးဆွဲကာ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီစီမံကိန်းမှာ မြန်မာကျပ်ငွေ (၃၃၅၈၈ ဒသမ ၁၄) ဘီလီယံနဲ့ အမေရိကန်ဒေါ်လာ သန်း (၁၅၀) အသုံးပြုရန် လျာထားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ Drug Free ASEAN ဖြစ်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာမှာ မြန်မာနိုင်ငံအနေနဲ့လည်း အဲဒီရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် အခုလို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

၂၀၁၁ ခုနှစ် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ မှုခင်းဆိုင်ရာရုံးရဲ့ အစီရင်ခံစာမှာ မြန်မာနိုင်ငံအနေနဲ့ ၁၉၉၆ ကနေ ၂၀၁၁ ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှုမှာ (၇၆ ဒသမ ၆) ရာခိုင်နှုန်း၊ ဘိန်းထုတ်လုပ်မှုမှာ (၆၇) ရာခိုင်နှုန်းအထိ လျော့ကျလာခဲ့ကြောင်း အသိအမှတ်ပြု ဖော်ပြခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၁၉၉၇-၂၀၁၁ ခုနှစ်အတွင်း ဘိန်းခင်းစုစုပေါင်း (၉၀၂၃၄ ဒသမ ၉၈) ဟက်တာကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ၁၉၈၈-၂၀၁၁ ခုနှစ်အတွင်း မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ရာမှာ ရန်ကုန်မြို့မှာ (၂၁)ကြိမ်၊ နယ်စပ်ဒေသများမှာ (၅၅)ကြိမ်အထိ မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် မြန်မာကျပ်ငွေ (၂၀၀၇ ဒသမ ၁၄၁)ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၂၀၃ ဘီလီယံ)ရှိခဲ့ပါတယ်။ လက်ရှိကာလအတွင်း ၂၀၁၁ ခုနှစ် ဇန်နဝါရီလကနေ ဇွန်လအထိ ခြောက်လအတွင်း ဘိန်း (၆၄၉ ဒသမ ၇)ကီလို၊ ဘိန်းဖြူ (၃၈ ဒသမ ၈၉)ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား (၁ ဒသမ ၆၆)သန်း၊ အက်ဖီဒရင်း (၈၈ ဒသမ ၅၁)ကီလို ဖမ်းဆီးရမိအပါအဝင် မူးယစ်ဆေးဝါးနဲ့သက်ဆိုင်တဲ့ အမှုပေါင်း (၁၆၁၅) မှုအတွက် တရားခံပေါင်း (၂၁၈၂) ဦးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း တွေ့ရှိနိုင်ပါတယ်။

အစိုးရသစ်ရဲ့ လုပ်ဆောင်ချက်များကို လေ့လာကြည့်ရင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ ပြည်သူ့ဆန္ဒကိုအလေးထားမှု၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ဦးတည်လုပ်ဆောင်နေမှုများကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်များကို ကြည့်ရင် မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုဖြစ်စဉ်ဟာ မှန်ကန်တဲ့လမ်းကြောင်းအတိုင်း ရှေ့ရှုပြောင်းလဲဖြစ်ပေါ်နေတယ်ဆိုတာကို သုံးသပ်တွေ့ရှိရမှာဖြစ်ပါတယ်။

သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များ

ဒီလို မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများနဲ့အတူ မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည်ဖော်မှုကိုရော ဖွဲ့စည်းပုံအခြေခံဥပဒေကိုပါ လက်မခံနိုင်သေးတဲ့ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများအနေနဲ့ အဖျက်အမှောင့်လုပ်ရပ်တွေကို နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးပမ်းဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။

၂၀၁၀ နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ KIA ကဦးဆောင်ပြီး KNU, KNPP, NMSP, CNF, NUPA, KIA, SSA(ဝမ်ဟိုင်း) အဖွဲ့တို့ အစည်းအဝေးပြုလုပ်ပြီး အင်ဘန်လ(KIA) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေးကော်မတီ (Committee for Emergence of Federal Union, CEFU)ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီ CEFU မှ ဦးစီးပြီး ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ချင်းမိုင်မြို့မှာ အစည်းအဝေးကျင်းပကာ KIA, CNF, KNO, KNU, KNPP, LDU, NUPA, NMSP, PSLF, PNLO, SSA (ဝမ်ဟိုင်း)နှင့် UWSA တို့ပါဝင်သော ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ (United Nationalities Federal Council, UNFC)ကို ထပ်မံဖွဲ့စည်းခဲ့ပါတယ်။

အဲဒီအဖွဲ့နှစ်ဖွဲ့ရဲ့ ရည်ရွယ်ချက်ကတော့ လက်နက်စွဲကိုင်တိုက်ခိုက်နေဆဲဖြစ်တဲ့ အကြမ်းဖက်သောင်းကျန်းသူများနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးတဲ့ ငြိမ်းချမ်းရေးရယူထားပြီး တိုင်းရင်းသားအဖွဲ့များပူးပေါင်းပြီး နိုင်ငံတော်အစိုးရအား နိုင်ငံရေး၊ စစ်ရေးနည်းများဖြင့် ထိုးနှက်တိုက်ခိုက်ရန်၊ နိုင်ငံအနှံ့အပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းအားဖြင့် ပြည်သူများအတွင်း စိုးရိမ်ထိတ်လန့်စိတ်များပေါ်ပေါက်စေရန် ရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးရယူထားတဲ့ နယ်မြေများအတွင်း တိုက်ခိုက်မှုများဖြစ်ပွားအောင် လုပ်ဆောင်ခြင်းဖြင့် အစိုးရသစ်အပေါ် ပြည်တွင်း၊ ပြည်ပမှ ဖိအားများပေါ်ပေါက်လာစေရန် လုပ်ဆောင်လျက်ရှိတာ၊ မြို့ကြီးများ၊ ရထားလမ်း၊ ကားလမ်းများတွင် ဗုံးဖောက်ခွဲမှုများ ပြုလုပ်လာနေတာများကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်များဟာ ဒီမိုကရေစီစနစ်ဖော်ဆောင်နေမှုများ ပျက်ပြားစေရန်၊ ရရှိထားပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုများပျက်ပြားစေရန် မြေပေါ်၊ မြေအောက် နှစ်ဖက်ညှပ်ပြီး အစီအစဉ်ရှိရှိ လုပ်ဆောင်နေမှုများဖြစ်တဲ့အတွက် ပြည်သူအားလုံးက ဝိုင်းဝန်းကာကွယ်တားဆီးသွားရန် လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

ဆက်လက်ပြီး CEFU အဖွဲ့ဝင်ဖြစ်တဲ့ ခွဲထွက်အဖွဲ့ငယ် နှစ်ဖွဲ့အကြောင်းကိုလည်း အနည်းငယ် ရှင်းပြလိုပါတယ်။ ပထမတစ်ဖွဲ့ကတော့ DKBA ခွဲထွက် KNU စောလားဘွယ်အဖွဲ့ ဖြစ်ပါတယ်။ DKBA အဖွဲ့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နယ်ခြားစောင့်တပ်အဖြစ် ၂၀၁၀ ပြည့်နှစ် ဩဂုတ်လအတွင်းမှာ အသွင်ကူးပြောင်းဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော် DKBA အဖွဲ့ထဲက စောလားဘွယ်ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ကတော့ အသွင်ကူးပြောင်းရေးကို လက်မခံခဲ့ပါဘူး။

ဒါ့အပြင် စောလားဘွယ်အဖွဲ့ဟာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲများကျင်းပပြီး နောက်တစ်နေ့ဖြစ်တဲ့ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့မှာ KNU ရဲ့အကူအညီနဲ့ မြဝတီနဲ့ ဘုရားသုံးဆူမြို့များအား နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုများ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကစပြီး နောက်ပိုင်းတစ်လျှောက်လုံးမှာလည်း မြဝတီမြို့၊ ဘုရားသုံးဆူမြို့၊ ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကရိတ်မြို့များကို လက်နက်ကြီး လက်နက်ငယ်များနဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ အစိုးရဌာနဆိုင်ရာရုံးများ၊ လူနေအိမ်များ၊ စတိုးဆိုင်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးဖောက်ခွဲခြင်း စတဲ့ အဖျက်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ စောလားဘွယ်အဖွဲ့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဆဋ္ဌမတန်းကျောင်းသား (၂)ဦးအပါအဝင် အပြစ်မဲ့အရပ်သား (၇)ဦးသေဆုံးခဲ့ပြီး (၂၇) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ မြဝတီမြို့ကို ပစ်ခတ်တိုက်ခိုက်စဉ်က ထိုင်း-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်နဲ့ ထိုင်းနိုင်ငံဘက်ခြမ်းကို လက်နက်ကြီးများနဲ့ တမင်ချိန်ရွယ်ပစ်ခတ်မှုများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ဆက်လက်ပြီး စောလားဘွယ်အဖွဲ့ဟာ KNU နဲ့ပူးပေါင်းပြီး မြဝတီ-ကော့ကရိတ်-သင်္ဃန်းညီနောင်လမ်းကြောင်းတစ်လျှောက် ခရီးသည်ယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ ဆက်ကြေးပေးဆောင်ခြင်းမရှိတဲ့ ယာဉ်များကို မိုင်းဆွဲတိုက်ခိုက်ခြင်း စတဲ့ နှောင့်ယှက်တိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးပြောကြားလိုပါတယ်။

နောက်တစ်ဖွဲ့ကတော့ SSA (ဝမ်ဟိုင်း)အဖွဲ့ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃) SSA အဖွဲ့ကို ၂၀၀၉ ခုနှစ် ဧပြီလကစတင်ပြီး အသွင်ကူးပြောင်းရေးဆိုင်ရာလုပ်ငန်းများ စီမံဆောင်ရွက်ခဲ့ရာမှာ တပ်မဟာ (၃) (မိုင်းခေး)အဖွဲ့နဲ့ တပ်မဟာ (၇) (ကာလိ)အဖွဲ့တို့ဟာ အသွင်ကူးပြောင်းရေးကို သဘောတူလက်ခံပြီး ပြည်သူ့စစ်များအဖြစ် ပြောင်းလဲဖွဲ့စည်းနိုင်ခဲ့ပေမယ့် ပန်ဖဦးဆောင်တဲ့ တပ်မဟာ(၁) (ဝမ်ဟိုင်း)အဖွဲ့ကတော့ အသွင်ကူးပြောင်းရေးကို လက်မခံခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။ နိုင်ငံတော်အနေနဲ့ အသွင်ကူးပြောင်းရေးကို လက်မခံတဲ့ SSA (ဝမ်ဟိုင်း)အဖွဲ့ကို စစ်ရေးအရ အရေးယူတိုက်ခိုက်နိုင်ပေမယ့်လည်း တိုက်ခိုက်ခြင်းမပြုခဲ့ဘဲ ဒေသခံတိုင်းရင်းသားလူမျိုးများရဲ့အကျိုးကို ရှေးရှုလျက် စိတ်ရှည်သည်းခံစွာဖြင့် မူလသတ်မှတ်ထားတဲ့ နယ်မြေအတွင်းမှာပဲ နေထိုင်ခွင့်ပြုခဲ့ပါတယ်။

သို့သော် SSA (ဝမ်ဟိုင်း)အဖွဲ့အနေနဲ့ မိုင်းအော့၊ ကျေးသီး၊ မန်ဆန်၊ လဲချား၊ မိုင်းကိုင်၊ စိန်ကြော့ နယ်မြေများမှာ တပ်မတော်စစ်ကြောင်းများအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်း၊ စိန်ကြော့နဲ့ မိုင်းရယ်ကြားရှိ တံတားအမှတ် (၃/၅၉)နဲ့ (၆/၃၆)တို့ကို မိုင်းခွဲဖျက်ဆီးခြင်း၊ မိုင်းရှူးမြို့နယ်အတွင်းရှိ တံတားအမှတ် (၂/၂)ကို မိုင်းခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် တန့်ယန်း၊ ကျောက်မဲ၊ မိုင်းရယ်နဲ့ လားရှိုးမြို့နယ်များမှာရှိတဲ့ ကျေးရွာများရှိ စာသင်ကျောင်းများ၊ နေအိမ်များကို ဝင်ရောက်ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း စတဲ့ အဖျက်အမှောင့်လုပ်ငန်းများကို ကြိမ်ဖန်များစွာ ဆောင်ရွက်ခဲ့ပါတယ်။

တပ်မတော်နဲ့ ထိတွေ့မှုဖြစ်စဉ်အချို့ကို ရှင်းပြရရင် နယ်မြေလုံခြုံရေးတာဝန်ယူထားတဲ့ နမ့်ပုတ်စခန်းမှ စစ်သည် (၄) ဦးဟာ ဇူလိုင်လ ၁၀ ရက်နေ့ညနေပိုင်းက စခန်းအောက်ခြေရှိ ချောင်းကို ရေခပ်ဖို့ ဆင်းလာစဉ်မှာ SSA (ဝမ်ဟိုင်း)အဖွဲ့က ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်တဲ့အတွက် မိမိစစ်သည်များ ကျဆုံးဒဏ်ရာရရှိခဲ့ပါတယ်။ ဒါကြောင့် နမ့်ပုတ်စခန်းပတ်ဝန်းကျင်ရှိ SSA (ဝမ်ဟိုင်း)အဖွဲ့နေရာယူထားတဲ့ စခန်းငယ်များကို တပ်မတော်က မလွှဲမရှောင်သာဘဲ တိုက်ခိုက်ခဲ့ရပါတယ်။ အဲဒီလိုတိုက်ခိုက်ရာမှာလည်း ခြေလျင်တပ်များဖြင့်သာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆန့်ကျင်ဘက်အဖွဲ့အစည်းများနဲ့ SSA (ဝမ်ဟိုင်း) အဖွဲ့က တပ်မတော်က လေကြောင်းပစ်ကူယူပြီး တိုက်ခိုက်ခဲ့ကြောင်း ကြီးမားတဲ့ထိုးစစ်ကြီး ဆင်နွှဲနေသယောင် ဝါဒဖြန့် စွပ်စွဲပြောဆိုခဲ့သော်လည်း တပ်မတော်လေယာဉ်များအနေနဲ့ ဗုံးကြဲတိုက်ခိုက်မှု လုံးဝမရှိခဲ့ပါဘူး။ နိုင်ငံတော်အနေနဲ့ ဝမ်ဟိုင်းဌာနချုပ်အပါအဝင် ၎င်းတို့ရဲ့စခန်းများအားလုံးကို အမြောက်ပစ်ကူ၊ လေကြောင်းပစ်ကူများရယူပြီး စစ်ဆင်တိုက်ခိုက်နိုင်တဲ့ အခြေအနေရှိသော်လည်း ဝမ်ဟိုင်းနယ်မြေဟာ အတွင်းပိုင်းမှာတည်ရှိနေခြင်း၊ ငြိမ်းချမ်းရေးရယူစဉ်ကပင် SSA (ဝမ်ဟိုင်း)အဖွဲ့နေထိုင်ရန် သတ်မှတ်ပေးထားတဲ့နေရာဖြစ်ခြင်းတို့ကြောင့် ဝမ်ဟိုင်းဌာနချုပ်ကိုချန်လှပ်ပြီး ကန့်သတ်ထိန်းချုပ်တိုက်ခိုက်မှုများသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

လတ်တလောကာလမှာ အဲဒီခွဲထွက်အဖွဲ့ငယ်များအပြင် KNU နဲ့ SSA အကြမ်းဖက်သောင်းကျန်းသူများကလည်း အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံ အသုံးပြုဆောင်ရွက်လျက်ရှိသလို မိုင်းထောင်မှုများ၊ ဗုံးဖောက်ခွဲမှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများကို ဆက်တိုက်ကျူးလွန်နေတာကိုလည်း တွေ့ရှိနိုင်ပါတယ်။ ၂၀၁၁ ခုနှစ် မတ်လမှ ဇူလိုင်လအထိ ကာလအတွင်း KNU သောင်းကျန်းသူများရဲ့ မိုင်းထောင် ဖောက်ခွဲမှု (၁၈)ကြိမ်ရှိခဲ့ပြီး အဲဒီမိုင်းပေါက်ကွဲမှုများကြောင့် အပြစ်မဲ့ပြည်သူ (၄) ဦး သေဆုံးကာ (၁၉) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါ့အပြင် KNU သောင်းကျန်းသူများက ကရင်ပြည်နယ် ကျိုက်ဒုံမြို့နဲ့ ကော့ကရိတ်မြို့နယ်များကို လက်နက်ကြီးများနဲ့ပစ်ခတ်မှု (၂) ကြိမ် ပြုလုပ်ခဲ့ရာမှာ အပြစ်မဲ့ပြည်သူ (၁) ဦးသေဆုံးပြီး (၄) ဦးဒဏ်ရာရရှိခဲ့ပါတယ်။

ဒါ့အပြင် KNU သောင်းကျန်းသူများဟာ အများပြည်သူကိုပစ်မှတ်ထားပြီး ဗုံးခွဲတိုက်ခိုက်မှုများကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။ အားလုံးသိပြီးဖြစ်တဲ့အတိုင်း မေလ ၁၈ ရက်နေ့ ရန်ကုန်-မန္တလေးအဆန်ရထားပေါ်မှာ ဗုံးပေါက်ကွဲမှု၊ ဇွန်လ ၁၀ ရက်နေ့ နေပြည်တော် မြို့မဈေးမှာ ဗုံးပေါက်ကွဲမှုများနဲ့စပ်လျဉ်းပြီး တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ရာမှာ အဲဒီတရားခံများကို KNU အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ငွေကြေးမတန်တဆပေးပြီး အခုလို လူစည်ကားရာနေရာများမှာ ဗုံးဖောက်ခွဲဖို့ တာဝန်ပေးစေခိုင်းခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပါတယ်။

အလားတူ SSA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဟာလည်း လက်နက်အားကိုးဖြင့် အပြစ်မဲ့ ပြည်သူများကို အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ သတ်ဖြတ်ခြင်းများ စဉ်ဆက်မပြတ် ကျူးလွန်လျက်ရှိပါတယ်။ ယခုနှစ် မတ်လမှ ဇူလိုင်လအထိ ကာလအတွင်း SSA (ရွက်ဆစ်) သောင်းကျန်းသူအဖွဲ့ရဲ့ မိုင်းထောင်မှုကြောင့် မိုင်းပေါက်ကွဲမှု (၄)ကြိမ်ရှိခဲ့ပြီး အပြစ်မဲ့ပြည်သူ (၁) ဦး သေဆုံးကာ (၃) ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒါ့အပြင် SSA (ရွက်ဆစ်)သောင်းကျန်းသူအဖွဲ့က ရှမ်းပြည်နယ် လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ကာလိမြို့နယ်ခွဲကို လက်နက်ကြီးများနဲ့ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ (၁) ဦး သေဆုံးပြီး (၆) ဦးဒဏ်ရာရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။

တစ်ဆက်တည်းပြောရရင် ဇွန်လ ၂၄ ရက်နေ့ နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်မြို့များမှာ တစ်ပြိုင်တည်းဖြစ်ပွားခဲ့တဲ့ ဗုံးပေါက်ကွဲမှု (၃) ခုမှာ ကိုယ်တိုင်ကျူးလွန်ခဲ့သူ (၆) ဦး၊ ပူးပေါင်းပါဝင်သူ (၅) ဦးတို့ကို သက်ဆိုင်ရာက ဖော်ထုတ်ရရှိထားပြီးဖြစ်ပါတယ်။ အဲဒီ ဖော်ထုတ်တွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်သူများကို SSA (ရွက်ဆစ်)အဖွဲ့က ငွေကြေးပေးပြီး အခုလို အချိန်ကိုက် တစ်ပြိုင်တည်း ပေါက်ကွဲမှုတွေဖြစ်အောင် စီမံစေလွှတ်စေခိုင်းခဲ့တယ်လို့ သိရှိရပါတယ်။ အဲဒီ တရားခံများကို ဖမ်းဆီးအရေးယူနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ယခုသတင်းစာရှင်းလင်းပွဲမှာ အစိုးရသစ်တာဝန်ယူချိန်ကစပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအတွက် ကြိုးပမ်းဖော်ဆောင်ခဲ့မှုအခြေအနေများကို အကျဉ်းချုံး ရှင်းပြခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ ရှင်းလင်းပြောကြားချက်များကို လေ့လာကြည့်မယ်ဆိုရင် အစိုးရအဖွဲ့သစ်အနေနဲ့ နိုင်ငံတော်သမ္မတရဲ့ ပြည်ထောင်စုလွှတ်တော်သို့ ပြောကြားတဲ့မိန့်ခွန်းနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ ပြောကြားတဲ့မိန့်ခွန်းများမှာပါဝင်တဲ့ မူဝါဒများအတိုင်း ကြိုးပမ်းဖော်ဆောင်နေတာကို အထင်အရှားတွေ့ရမှာဖြစ်ပါတယ်။ အလားတူ မိန့်ခွန်းပါမူဝါဒများအပြင် လက်ငင်းအခြေအနေအရ နိုင်ငံနဲ့ပြည်သူ့အကျိုးစီးပွားအတွက် အကောင်အထည်ဖော်ရန် လိုအပ်ချက်များကိုလည်း ချက်ချင်းအရေးယူဆောင်ရွက်လျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ ပြည်သူ့ဆန္ဒခံယူပွဲဖြင့် အတည်ပြုထားပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရှိနေပြီးဖြစ်ပါတယ်။ အဲဒီအခြေခံဥပဒေနဲ့အညီ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲများမှတစ်ဆင့် ပေါ်ထွက်လာတဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး အဖွဲ့အစည်းအဆင့်ဆင့်လည်း ဖွဲ့စည်းပေါ်ပေါက် တာဝန်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ ဒီလို ထမ်းဆောင်မှုများအပေါ် မတူညီတဲ့ သဘောထားအမြင်ရှိကြသူများအနေနဲ့ တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် တူညီတဲ့ကိစ္စများမှာ ပူးပေါင်းဆောင်ရွက်ကြရန်၊ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ပြီး လုပ်ပိုင်ခွင့်အာဏာကို တရားနည်းလမ်းကျစွာ ရယူကြရန် တိုက်တွန်းထားသလို အဲဒီလိုလုပ်ဆောင်လိုသူများအတွက် အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး လက်ကမ်းကြိုဆိုနေမှာဖြစ်ကြောင်းလည်း သမ္မတကြီးက ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အလားတူ မူဝါဒလမ်းစဉ် (၇)ရပ်ကို သံသယရှိနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံနိုင်သေးသူများကိုလည်း သံသယများပျောက်ပြီး အမျိုးသားအကျိုးစီးပွားအတွက် ပါဝင်ပူးပေါင်း လုပ်ဆောင်လာအောင် နိုင်ငံတော်အစိုးရရဲ့ မှန်ကန်တဲ့စေတနာကို ပြသသွားမယ်လို့ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

မိမိတို့နိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာမှာ မြန်မာနိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို လိုလားသူတိုင်း အခြေခံဥပဒေဘောင်အတွင်းကသာ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အနေနဲ့ အခြေခံဥပဒေဘောင်အတွင်းက လုပ်ဆောင်မှုအားလုံးကို ကြိုဆိုမှာဖြစ်သလို အခြေခံဥပဒေပြင်ပက လုပ်ဆောင်မှုများကိုတော့ လက်မခံဘဲ ထိုက်သင့်တဲ့ တားဆီးကာကွယ်မှုများပြုလုပ်သွားရမှာဖြစ်ကြောင်း သမ္မတကြီးက ပြောကြားထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းအားလုံးအနေနဲ့ သမ္မတကြီးရဲ့ဖိတ်ခေါ်မှုများကို အလေးအနက်ထားပြီး အမျိုးသားအကျိုးစီးပွားအတွက် ဆွေးနွေးတိုင်ပင် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြပါရန် ဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ အားကစားဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ဩဂုတ် ၁၃ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂)နေပြည်တော်အားကစားကွင်း၌ (ဃဃ)အုပ်စုမှ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ သတ္တုတွင်းဝန်ကြီးဌာနအသင်းနှင့်ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲအပြီး သတင်းထောက်များ၏ မေးမြန်းချက်များအား ဖြေကြား

နေပြည်တော် ဩဂုတ် ၁၂

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၅၀ အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာ တွေ့ဆုံပွဲအပြီးတွင် သတင်းထောက်များ၏ မေးမြန်းချက်များအား ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အမေး အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဦးလှိုင်ဘွား (Yangon Times ဂျာနယ်-အယ်ဒီတာချုပ်)

မေး။ အခု ဒီဒုတိယအကြိမ် တွေ့ဆုံမှုကနေပြီးတော့ ဘယ်လိုကဏ္ဍတွေမှာ ထူးထူးခြားခြား သိသိသာသာ ပြောင်းလဲတိုးတက်လာမယ်လို့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မျှော်လင့်ထားပါသလဲ။

ဒေါ်အောင်ဆန်းစုကြည်

ဖြေ။ ကျွန်မတို့ ဒီထဲမှာပါတဲ့အတိုင်းပဲ။ ကဏ္ဍအသီးသီးမှာ တိုးတက်လာမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ အားလုံးပေါ့လေ။ တိုင်းပြည်အတွက် ကောင်းမွန်တာတွေအားလုံးလုပ်ရင် တိုးတက်မယ်လို့ မျှော်လင့်ပါတယ်။ မေးခွန်းတွေက သိပ်မရှင်းလို့ ကျွန်မကောင်းကောင်း နားမလည်ဘူး။ ရှင်းရှင်းလင်းလင်း မေးနော်။

ဦးလှိုင်ဘွား (Yangon Times ဂျာနယ်-အယ်ဒီတာချုပ်)

မေး။ အရင်တစ်ပတ်တုန်းကလဲ ဒီလိုမျိုး ယေဘုယျသဘောပဲ ပြောသွားတာဖြစ်လို့ပါခင်ဗျာ။ ဘယ်လိုကဏ္ဍတွေမှာ၊ ဥပမာ တိုင်းရင်းသားကိစ္စ စသည်ဖြင့် ဒီလိုကိစ္စမျိုးတွေမှာ ဘယ်လိုမျိုး တိုးတက်မှုတွေရလာမယ်လို့ ယူဆပါသလဲ။

ဒေါ်အောင်ဆန်းစုကြည်

ဖြေ။ ကျွန်မတို့ ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားကိစ္စတွေမှာလဲ တိုးတက်မှုရရမှာပဲ။ ဘယ်ဘက်မှာမဆို တိုးတက်မှုရရမှာပဲ။ တကယ်တော့ ကျွန်မတို့နိုင်ငံရဲ့ အကျိုးကို ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် မီဒီယာအပါအဝင်ပေါ့။ တိုးတက်မှုဆိုတာရှိရမှာပေါ့။

မငြိမ်းငြိမ်းနိုင် (7 Day News ဂျာနယ်-အမှုဆောင်အယ်ဒီတာ)

မေး။ ဝန်ကြီးကို မေးချင်တာက ပြီးခဲ့တဲ့တစ်ခေါက် ပူးတွဲထုတ်ပြန်ချက် ကြေညာသွားပါတယ်။ အဲဒီမှာကို သဘောထားကွဲလွဲနေမှုတွေ၊ စိတ်ဝမ်းကွဲပြားနေမှုတွေကို ဆွေးနွေးတယ်လို့ ပြောပါတယ်။ အဲဒါ အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်အကြားကို ပြောတာပါလား။ ဒါမှမဟုတ် လက်နက်ကိုင်အဖွဲ့အစည်းနဲ့ အစိုးရကြား အခြေအနေကို ဆိုလိုတာပါလား။ နောက်တစ်ခုက အဲဒီမှာပဲပါပါတယ်။ တရားဥပဒေစိုးမိုးရေးကိစ္စ ဆွေးနွေးတယ်လို့ သိရပါတယ်။ အဲဒီလိုဆွေးနွေးတာက ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ့ရဲ့ပါတီကို တရားမဝင်ဘူးလို့ ပြောထားတာရှိပါတယ်။ အဲဒီကိစ္စကို သိရပါမလားရှင့်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်

ဖြေ။ ကျွန်တော်တို့ စိတ်ဝမ်းကွဲပြားမှု လျှော့ပါးရေးဆိုတဲ့ကိစ္စက နေရာတိုင်းမှာ လိုအပ်နိုင်ပါတယ်။ သဘာဝအားဖြင့် ကျွန်တော်တို့က (Diversity and Unity) ဆိုတဲ့ သဘောပေါ့။ ဘယ်လုပ်ငန်းမှာမဆို လူတိုင်းမှာ စိတ်ဝမ်းကွဲပြားမှုဆိုတာ ရှိနိုင်ပါတယ်။ သို့ရာတွင် ခုနကပြောသွားတဲ့အတိုင်းပဲ။ ပူးပေါင်းဆောင်ရွက်မှုကိုတော့ ကျွန်တော်တို့ ဦးစားပေးပြီးတော့ ဆောင်ရွက်သွားမယ်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။

ကိုနေထွန်းနိုင် (Eleven Media - စီနီယာအယ်ဒီတာ)

မေး။ ဦးအောင်ကြည်ကို မေးချင်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုရှိတယ်ဆိုပြီးတော့ ပြီးခဲ့တဲ့တစ်ခေါက် တွေ့ဆုံတုန်းက ပြောခဲ့ပါတယ်။ အဲဒီတွေ့ဆုံမှု၊ ပူးပေါင်းဆောင်ရွက်မှုဟာ ဘယ်လိုစလုပ်နေပြီလဲ။ လုပ်နေပြီဆိုရင်လည်း ဘယ်အခြေအနေ ရောက်နေပြီလဲ။ နောက်တစ်ချက်က ဒေါ်အောင်ဆန်းစုကြည်က အိတ်ဖွင့်ပေးစာနဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်လည်း ပြောထားပါတယ်။ အဲဒါကိုကော ရှေ့ဆက်ပြီးတော့မှ ဘယ်လိုဆက်လုပ်သွားမယ်ဆိုတာ သိချင်ပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်

ဖြေ။ ဒါတွေအားလုံးက ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်အောက်မှာ ပါပါတယ်။ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုဆိုတာက ကျွန်တော်တို့နိုင်ငံအတွက် ဖြေရှင်းရန်လိုအပ်တဲ့ Main Problem တစ်ခုပါပဲ။ ဒါကို ကျွန်တော်တို့ ဖြေရှင်းနေကြတာဖြစ်ပါတယ်။ ဒီကိစ္စပြေလည်သွားပြီဆိုတဲ့ အချိန်ရောက်ရင် ကျန်တဲ့ကိစ္စတွေအားလုံးဟာ ဒီ Main Problem ကြီးရဲ့ အကျိုးဆက်တရားများ တစ်နည်းအားဖြင့်တော့ Corollaries ပေါ့လေ။ အဲဒါတွေဖြစ်လာမှာဖြစ်တဲ့အတွက် အလွယ်တကူ ဖြေရှင်းသွားနိုင်မယ့် အနေအထားဖြစ်ပါတယ်ဆိုတဲ့အကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

တောင်သူလယ်သမားများ၏ အခက်အခဲများကို နားလည်မှုအပြည့်ဖြင့်ကူညီ လယ်ယာကဏ္ဍ ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်

နေပြည်တော် ဩဂုတ် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်(အပေါ်ပုံ)က ယနေ့နံနက် ၈ နာရီတွင် စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (Good Agriculture Practice) ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ၈၀၊ ကျေးလက်စိုက်ပျိုးရေးမန်နေဂျာလုပ်ငန်းခွင် အကြိုသင်တန်းသား ၁၂၃ ဦးနှင့် ပုသိမ်ကြီးစိုက်ပျိုးရေးသိပ္ပံမှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၅၅ ဦး စုစုပေါင်း ၂၅၈ ဦး တို့အား နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထူးအထွက်တိုး စံပြစိုက်ခင်း ဧက ၁၀၀ ၌ လုပ်ငန်းဆိုင်ရာများ တွေ့ဆုံမှာကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် လက်တွေ့မြေပြင်ရှိ တောင်သူလယ်သမားများနှင့် ထိတွေ့တာဝန်ယူကြရန်အပြင် ယင်းတို့၏ လိုအပ်ချက်၊ အခက်အခဲများကို စာနာနားလည်မှု အပြည့်အဝဖြင့် ကူညီဖြေရှင်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ရေမြေသယံဇာတများ ပေါကြွယ်ဝပါလျက် လယ်ယာကဏ္ဍ မဖွံ့ဖြိုး၊ မတိုးတက်ရခြင်းအပေါ် မိမိတို့လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ရှိသည်ဟု ခံယူကြပြီး ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း။

ကြိုးစား

အဓိက တာဝန်ကြီး(၃)ရပ်ဖြစ်သော ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးတာဝန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ လေ့ကျင့်ပညာပေးရန်တာဝန်၊ ပိုမို၍ တိုးတက်ကောင်းမွန်သော ခေတ်မီစိုက်နည်းစနစ်ရရှိဖော်ထုတ်နိုင်ရေး၊ အရည်အသွေးမြင့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်း မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်ရေးအတွက် သုတေသနပြုလုပ်ရှာဖွေခြင်းတာဝန် (R & D) တို့ကို အဆင့်တိုင်း အဆင့်တိုင်း ကဏ္ဍအလိုက် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ဒေသတွင်း တောင်သူလယ်သမားများ ယုံကြည်လေးစားအားကိုးလာစေရန် တောင်သူလယ်သမားများနှင့် ပူးပေါင်း၍ စံနမူနာပြ နည်းပညာပေး စိုက်ခင်းများကို မြို့နယ်မန်နေဂျာများကိုယ်တိုင် ၁၀ ဧက၊ ကျေးရွာ မန်နေဂျာများကိုယ်တိုင် ငါးဧက စိုက်ပျိုးလျက် နည်းပညာပေး လက်တွေ့အသုံးချ ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ဆွေးနွေး

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်း ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် အထူးအထွက်တိုး စံပြစပါးဧက ၁၀၀ စိုက်ကွင်းအတွင်း ကြည့်ရှုလေ့လာကြပြီး သိလိုသည်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ဆက်လက်၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ အထူးအထွက်တိုး စံပြစပါးစိုက်ခင်း ဧက ၄၀ အတွင်းရှိ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် ၆၀ ရက်သားရှိ စပါးစိုက်ခင်းများနှင့် ရှင်းလင်းဆောင်အတွင်း ခင်းကျင်းပြသထားသော ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

ထို့မှတစ်ဆင့် နေပြည်တော် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီးရှိ အထူးအထွက်တိုး ကြံ ငါးဧကစိုက်ခင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့်အညီ တစ်ဧက တန် ၆၀ အထက် ထွက်ရှိအောင် စံပြစိုက်ပျိုးထားရှိမှုများကို ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်

နေပြည်တော် ဩဂုတ် ၁၂

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၃	၂၅	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၂	ကယားပြည်နယ်	၃၀	၂၀	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၄	ချင်းပြည်နယ်	၂၀	၁၅	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၇	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၆	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၉	၂၂	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၉	မကွေးတိုင်းဒေသကြီး	၃၅	၂၆	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၅	နေရာကျဲကျဲမိုးရွာမည်	၁၀၀%
၁၁	မွန်ပြည်နယ်	၂၆	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်	၁၀၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၆	၁၉	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၀	၂၀	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၉	၂၂	နေရာအနှံ့အပြားမိုးရွာမည်	၁၀၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၀	၂၄	နေရာစိပ်စိပ်မိုးရွာမည်	၁၀၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၃	နေရာကွက်ကျားမိုးရွာမည်	၁၀၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၃၀	၂၂	မိုးတစ်ကြိမ်၊နှစ်ကြိမ်ရွာမည်	၁၀၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၇	၂၅	နေရာကွက်ကျားမိုးရွာမည်	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော် အခြေအနေ	ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မေတ္တာတရား** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ**(အပိုင်း-၉၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၆)
၈:၅၀ MRTV-4 7th Anniversary ဂန္တဝင်သံစဉ်များ (အပိုင်း-၁)
၉:၄၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၀ ဗုဒ္ဓနှစ် (၂၆၀၀)ပြည့်မြောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ
၁၀:၂၅ တောင်သူများအတွက်… အားထားဖို့ရာ…ကီမီရာ (ဒိုလူး)ဓာတ်မြေသြဇာပါ
၁၀:၅၀ သွားမယ်စားမယ် (ရွှေလီအသားကင်ဆိုင်)
၁၁:၂၀ ရခိုင်ပြည်နယ် သံတွဲမြို့ ရွှေနံ့တော် စေတီရင်ပြင်တော်တွင် တည်ထားပူဇော်မည့် မဟာအတုလ သကျမုနိ ရွှေသာလျောင်း ရုပ်ပွားတော်မြတ်ကြီး
၁၁:၄၅ သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင် ဇာနည်နှင့် ကြည်လဲ့လဲ့ဦးတို့နှင့် တွေ့ဆုံခြင်း)
၁၂:၀၅ ဆယ်ကျော်သက်တို့ရဲ့ ရင်ခုန်သံမေးခွန်းများ (အပိုင်း-၁)
၁၂:၃၅ လရောင်ဆမ်းမှ လန်းနိုင်ပါသည်
၁:၀၀ **မေတ္တာတရား** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ VJ Choice
၂:၅၅ Activities in the City (မြန်မာ-ဂျာမန် စီးပွားရေးအသင်း MGBA ဖွင့်ပွဲအခမ်းအနား)
၃:၁၀ ရွှေပြည့်စုံဈေး ဆိုသည်မှာ…
၃:၃၀ Movie Talk (ကြွေလွင့်ကြယ်ပွင့်များ) (အပိုင်း-၆) (ဒါရိုက်တာ ကြည်စိုးထွန်း)
၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၆)
၅:၀၀ ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
၅:၂၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ မင်းသက်စံ)
၅:၅၀ Activities in the City ရွှေဘိုမြို့နယ်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
၆:၀၀ MRTV -4 သတင်း
၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှေးထွေးသောမေတ္တာ** (အပိုင်း-၉၅)
၇:၀၅ MRTV-4 7th Anniversary ဂန္တဝင်သံစဉ်များ (အပိုင်း-၂)
၈:၀၀ MRTV -4 သတင်း
၈:၂၅ **Barclays Premier League Liverpool Vs Sunderland**
၁၀:၃၀ ဟိုတယ်လမ်းညွှန် (Zwekabin Hotle)
၁၀:၅၅ **Barclays Premier League Neweastle Vs Arsenal**
၁၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၇)
၁:၅၀ လူနေမှုဘဝအလှထဲက မြန်မာ့သနပ်ခါး
၂:၀၀ ဇီးအိုရွာနှင့် သဘာဝ အင်ကြင်းတော
၂:၂၀ World of Knowledge (Petronas Towers)
၃:၀၅ စပါးအထွက်တိုးခြင်းအစ ပျိုးပင်ကောင်းမှ
၃:၂၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (နိုင်ငံတကာဆုရ မြန်မာ့တိုင်းရင်း အလှမွေးငါးများ)
၃:၃၅ အံ့ဖွယ်လေ့လာ အသံတုပညာ (အသံတု ရဲမြင့်လေး)
၄:၀၀ ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ Myanmar Life Hotel
၄:၁၅ အံ့ဖွယ်ထူးခြား ဖြစ်စဉ်များနှင့် ဖူးမဝတဲ့ ဆံတော်ရှင် ဦးဇိနစေတီ
၄:၃၀ **FIFA U-20 World Cup Colombia 2011 (Portugal Vs Argentina) (Live)**
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၂၅	Liverpool-Sunderland	ESPN (Live)
၈:၂၅	Tottenham-Everton	STAR SPORTS (Live)
၁၀:၅၅	Newcastle-Arsenal	ESPN (Live)
၁၁:၃၀	Blackburn-Wolverhampton	STAR SPORTS (SDD)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံ၍ သတင်းထုတ်ပြန်

နေပြည်တော် ဩဂုတ် ၁၂

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ယနေ့မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၅၀ အထိ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ယင်းသို့တွေ့ဆုံအပြီးတွင် ပြည်တွင်း/ပြည်ပ သတင်းထောက်များအား ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

ယနေ့ဆွေးနွေးမှုအပြီးတွင် သတင်းထုတ်ပြန်ခဲ့ရာ သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ဖိတ်ကြားချက်အရ ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာတွင် ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၂ ရက် မွန်းလွဲ ၁ နာရီမှ ၁ နာရီ မိနစ် ၅၀ အထိ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ကို လာရောက်တွေ့ဆုံခဲ့ပါသည်။

ယနေ့တွေ့ဆုံမှုတွင် နှစ်ဘက်စလုံးက အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည် -

(၁) ပြည်သူလူထုတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်ဆန္ဒများကို ဖြည့်ဆည်းပေးသည့်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် နှစ်ဘက်လက်တွဲ ဆောင်ရွက်သွားမည်။

(၂) မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ဆက်လက်တိုးတက်ထွန်းကားစေရေးအတွက်လည်းကောင်း၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်းကောင်း အပြုသဘော ပူးပေါင်းဆောင်ရွက်သွားမည်။

(၃) ပဋိပက္ခအသွင်ဆောင်သော အမြင်သဘောထားများကို ရှောင်ရှားကြပြီး အပြန်အလှန်ကူညီသော ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းစဉ် (reciprocal basis) အတွက် ဦးတည်ချက်ထား၍ ဆောင်ရွက်သွားမည်။

(၄) တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်။

(သတင်းစဉ်)

တွေ့ဆုံဆွေးနွေး

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ စိမ်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှုများ

၁၂-၈-၂၀၁၁

ရေးမြို့	၅ ဒသမ ဝ၃ လက်မ	သိမ်ဖရပ်မြို့	၂ ဒသမ ၃၂ လက်မ
ကော့ကရိတ်မြို့	၃ ဒသမ ၂၇ လက်မ	မုဒုံမြို့	၂ ဒသမ ၁၃ လက်မ
ကိုကိုးကျွန်းမြို့	၂ ဒသမ ၉၀ လက်မ	သထုံမြို့	၂ ဒသမ ဝ၅ လက်မ
လှိုင်လင်မြို့	၂ ဒသမ ၈၃ လက်မ	ကျိုက်မရောမြို့	၂ ဒသမ ဝ၅ လက်မ